သပြေကန်ဆရာတော်

အရှင်ဝါသေဋ္ဌာဘိဝံသ

# စေတီနှင့်ရိုသေမှု



ညို

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ
ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး
နိုင်ငံတော်သြဝါဒါစရိယ၊ တွဲဖက်ရွှေကျင်သာသနာပိုင်



# စေတီနှင့်ရိုသေမှု

သပြေကန်ဆရာတော်
အရှင်ဝါသေဋ္ဌာဘိဝံသ

ပုံနှိပ်မှတ်တမ်း
ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်
၃၄ / ၉၈ ( ၁၂ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၈ / ၉၉ ( ၁ )
ပထမအကြိမ်ထုတ်ဝေသည့်နေ့စွဲ
၁၉၉၉-ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ- ၁၀၀၀
မျက်နှာဖုံးပန်းချီ- မောင်ညီညီ
ကွန်ပျူတာစာစီ- ကိုအောင်ငြိမ်းပန်း
မိခင်ဇေရာဝတီစာအုပ်တိုက်
ဟိုက်(၄)၊ ၄၀၂၊ ကျိုဖတ်အိမ်ရာ
အထက်ပုဇွန်တောင်လမ်းမကြီး။
ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (ဝ-၂၉၉)၊ တိုင်းလင်းစာပေတိုက်
အမှတ်-၈/၆၅၊ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။
ပုံနှိပ်သူ
ငြိမ်း ရောင်စုံပုံနှိပ်တိုက်၊ ဒေါ်မေဒီခင်
(မြ-၀၃၈၁၇)၊ အမှတ်(၄၂)၊ ဇောတိကလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်။
တန်ဖိုး- ၂၈၈

တမှုိတရားအညီအဝီအား

ရောဝတီ၊ ရွှေနဒီသည်

ရစ်ခွေစီးဆင်း၊ ငြိမ်းချမ်းခြင်းဖြင့်

ဝပြောသာယာ၊ ပြည်မြန်မာကို

ထာဝရအလှ ဆင်မည်တည်း။

စာအုပ်အမှတ်(၂)

# အမှာစာ

ဤစာအုပ်ငယ်ကို သီလ သုတ စွယ်စုံလှသည့် အဘိဓမ္မမဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးက သဘာဝယုတ္တိ၊ အာဂမယုတ္တိ စုံလင်စွာ ညှိ၍ ရေးသားတော်မူခဲ့ပါသည်။

သပြေကန်ဆရာတော်ကြီး လက်ရာဖြစ်သည်မို့ ဤအမှာစာ ရေးသူအနေဖြင့် ပြောချင်သည်မှာ ဤအမှာစာကို မဖတ်တော့ဘဲ ကျော်လွှားပြီး ကျမ်းစာသားကိုသာ သတိပညာ ဆင်ခြင်ကာဖြင့် အလျင်အမြန် ဖတ်ပါဟုသာ။

ထိုသို့ တိုက်တွန်းရခြင်းမှာ သပြေကန်ဆရာတော်ကြီးသည် စာပေအရာ၌-

(က) အများသူငါ မမြင်သည်ကို မြင်အောင် ကြည့်နိုင်ခြင်း၊

(ခ) အများသူငါ သိပြီးဖြစ်လျှင်လည်း
ဖတ်ချင်စဖွယ် အဆန်းတကြယ်
ဖြစ်အောင် ဝေဝေဆာဆာ ရေးပြနိုင်ခြင်း၊

(ဂ) ပါဠိ မြန်မာ ဝေါဟာရများ ကြွယ်ဝခြင်း၊

(ဃ) သိလွယ် မြင်လွယ်သော စကားလုံးတို့ကို
ရွေးချယ်တတ်ပြီး အရေးအသား ညက်
ညောခြင်း၊

(င) ကျမ်းဂန်စုံပြီး ကျမ်းညို ကျွမ်းကျင်ကာ
အသိဉာဏ် ကြည်လင်ခြင်း၊

(စ) ဝိနိစ္ဆယဉာဏ် ရင့်သန်ခြင်း စသည့်
အကြောင်းအင်္ဂါတွေ ပြည့်စုံနေသော
ဆရာတော်ကြီးလက်ရာဖြစ်ရာ အလျင်
အမြန် အသိဉာဏ်ထွား ကုသိုလ်ပွားစေ
ချင်သောကြောင့် ဖြစ်ပါ၏။

ဤမျှ စာပေရေးသားရာ၌ အကြောင်းအင်္ဂါ ပြည့်စုံသော ဆရာတော်ကြီး၏ စေတိယင်္ဂဒဿနခေါ် ဤ စေတီနှင့် ရှိသေမှုကျမ်းစာကို စာရေးသူအနေဖြင့် ကောင်းပါသည်ဟု ပြောလျှင် အရာမရောက်နိုင်ပါ။ စာဖတ်သူများ အသိဉာဏ်ကသာ အဆုံးအဖြတ်

ပေးသွားပါလိမ့်မည်။ ဤကျမ်းစာရှင် သပြေကန် ဆရာတော်ဘုရားကြီးသည် ဤစာအုပ်ငယ်ကို ရေးသားပြီး ပညာရှင်များနှင့် နှီးနှောတိုင်ပင်လို၍ ဤကျမ်းစာမူကို ရန်ကုန်မြို့ရှိ ကျမ်းဂန်တတ်အကျော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလ စသော ဆယ်ပါးအောက်မနည်းသော ဆရာတော်များအား ပြသရာ ဆရာတော်များအားလုံးကပင် အသင့်ယုတ္တိစုံလင်လှပြီး အလုံးစုံပြည့်သော ကျမ်းမြတ်တစ်ဆူဖြစ်၍ သာသနာအကျိုး၊ လောကအကျိုးကြည့်ပြီး အလျင်အမြန် ပုံနှိပ်ထုတ်ဝေသင့်ကြောင်း ထောက်ခံချက်များနှင့် ဩဝါဒများကို စာဖြင့် ရေးသားပေးတော်မူကြပါသည်။

ဆရာတော်ကြီးများ၏ ဩဝါဒတော်နှင့်အညီ ကျောင်းတိုက် သာသန ပါလကအဖွဲ့နှင့် သပြေကန် ဆရာတော်ကြီး၏ တပည့်များက ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကပင် ရိုက်နှိပ်ရန်ကြိုးစားခဲ့သော်လည်း စက္ကူကောင်းကောင်းနှင့် စာအုပ်သပ်သပ်ရပ်ရပ်ဖြစ်စေရေး စာဖတ်သူများ သက်သာ

သော နှုန်းထားဖြင့် ဖတ်နိုင်ရေးတို့ကို အဓိက ဦးစား ပေး စဉ်းစားကြသောကြောင့် မမျှော်လင့်ဘဲ ပုံနှိပ်ရန် နှောင့်နှေးခဲ့ရပါသည်။

ယခုအခါ ရွှေကျင်ကျောင်းတိုက် သာသနပါလက အဖွဲ့နှင့် မိခင်ဇရာဝတီ စာအုပ်တိုက်တို့၏ တူညီ သော ဘာသာ သာသနာပြုစိတ်ဓာတ်များ ပေါင်း ဆုံမိ၍သာ ဤစာအုပ်ကို စာဖတ်သူလက်အရောက် ကြိုးစားနိုင်ခဲ့၍ ဝမ်းမြောက်လှပါပြီ။

အရှင်ခေမာစာရ
ပဓာန နာယက
ပုဗ္ဗန်တောင် ရွှေကျင်ကျောင်းတိုက်
မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်။

## စေတီနှင့် ရိုသေမှု

## စေတီယတ္ထ ဒဿန
## စေတီအကြောင်းအရာတို့ကို ဖော်ပြရာကျမ်း

### ကျမ်းဦးအစခ

### မုဒ္ဒဘာသာနှင့် စေတီပုထိုးများ

(က) '' ချီးဆိုမနိုင် ဘုန်းဝေမြိုင်သည့် ဂုဏ်လှိုင်ကိုးပါး မြတ်ဘုရားနှင့် တရားသံဃာ ရတနာကို မကွာနိစ္စ ဆည်းကပ်ခလျက် နေ့ညမကင်း မြတ်နိုးခြင်းဖြင့် ဝပ်စင်းကော်ရော် ရှိပူဇော်၍ ထိပ်ပေါ်လက်အုပ် ညွှတ်စေမင်း။ ''

(ခ) '' သုံးသွယ်ဂုဏ်ထူး မြတ်ကျေးဇူး၌ ရွှင်မြူးရမ်းလွေ့ တထေ့ထေ့လျှင် မမေ့စေရာ စေတနာနှင့် အိပ်ခါရှိနိုး တုပ်ဝပ်ကျိုးလျက် နိုးလည်း ညွှတ်ယိုင် ထိုင်လည်း ညွှတ်ခ ရပ်လည်း

# ဓမ္မဒါန

ညွတ်တွား သွားလည်းညွတ်ခွေ နေလည်း
ညွတ်ရုံး မေတ္တာကုံးသို့၊ နှလုံးစိတ်ဝင်
မွတ်စေမင်း။ ''

(မာတောဝါဒ ဆုံးမစာ)

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အရိုး စဉ်လာ အရ အမိအဖ ဆရာသမားတို့က လူမှန်းသိတတ်စ အခါကပင် ဆုံးမသွန်သင်ခဲ့သည့်အတိုင်းပင် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး၌ မကွာနိစ္စ ဆည်းကပ်ခဲ့ကြသည်။ နေ့ညမကင်း မြဲတ်နိုးခြင်းဖြင့် ဝပ်စင်းကော်ရော် ရှိခိုးပူဇော်၍ ထိပ်ပေါ် လက်အုပ် ကိုယ်ကိုချုပ်၍ ကုပ်ရပ် ညွတ်တွားကြစမြဲပင် ဖြစ်သည်။ အိပ်ခါရှိခိုး နိုးလည်း ညွတ်ယိုင် ထိုင်လည်း ညွတ်ခ ရပ်က ညွတ်တွား သွားလည်း ညွတ်ခွေ နေလည်း ညွတ်ရုံး နှလုံးထဲ စိတ်ထဲ၌ ခင်ခင်မွတ်မွတ် ရှိခဲ့ကြသည်ချည်းသာ။

ငယ်စဉ်တောင်ကျေး ကလေးအရွယ်က ဝါသနာစရိုက် လိုက်ခဲ့ပါခဲ့သည့်အတိုင်းပင် လူကြီးသူကြီး ဖြစ်၍လာသောအခါ၌လည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးဝကို နေ့ညမပြတ် ဆည်းကပ်

ရိုသေခဲ့ကြရုံမျှမက ဘုရားသွား ကျောင်းတက် ဝတ်မပျက်ပင် အသက်ဆုံးသည့်တိုင်အောင်ပင် ဓာတု၊ ဥဒ္ဒိဿ၊ ဓမ္မ၊ ပရိဘောဂ- လေးဝသော စေတီတော်တို့၌ သွားလာဝင်ထွက် ဝတ်တက်ဝတ်ကပ်အမှုကို ပြုကြမြဲ အစဉ်အလာဖြင့် ဗုဒ္ဓဘာသာ အစစ်ဖြစ်ကြောင်း သက်သေပြခဲ့ကြကုန်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မှန်လျှင် * ရတနာသုံးရပ် အမြတ်ဟု ဆည်းကပ်မှု ထိုသူဥပါသကာတည်း''ဟူသော ဥပါသကာဂုဏ်ရည်ကျမ်းလာလက္ခဏာအရ မိမိတို့အိမ်တွင် ဘုရားစင်တည်ထား၍ အမြဲအားဖြင့် ရတနာသုံးပါးအား ခစားဆည်းကပ် နေ့ညမပြတ် ရှိခိုးကြကုန်သကဲ့သို့ပင် အရပ်ရပ် အရွာရွာရှိ များစွာသော စေတီပုထိုး တန်ခိုးကြီး ဘုရားများသို့ သွားလာဆည်းကပ်လျက် မပြတ် ဖူးမြော် ပူဇော်ရှိခိုးကြမြဲပင်ဖြစ်ကြ၏။ မိမိတို့မြို့ရွာရှိ စေတီပုထိုး တန်ခိုးကြီးဘုရားများကိုလည်း အစား

* အဂ္ဂမဟာ ပဏ္ဍိတ အရှင်ဝါသေဋ္ဌာဘိဝံသရေး ဥပါသကာ ဂုဏ်ရည်နှင့် သရဏဂုံတရားတော် (၁၁)

စားသော ပူဇော်သကာတို့ဖြင့် အခါအားလျော်စွာ ပူဇော်ကြလျက် ဗုဒ္ဓပူဇနိယ ပွဲတော်များကို ကျင်းပကြမြဲ ဖြစ်ကုန်၏။

## မြို့တော်ရန်ကုန်၏ မြတ်ဘုရား ရွှေတိဂုံ

အထူးအားဖြင့် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်၏ မြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့တော်၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အဓိကရ ပူဇော်ဖွယ်ရာ ဓာတုစေတီတော်ကြီးဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခဲ့ပြီးသော ဘုရားရှင်လေးဆူတို့၏ ပရိဘောဂ အသုံးအဆောင်တော်များနှင့် ဆံတော်ဓာတ်တို့ ကိန်းအောင်းရာဖြစ်သည့်ပြင် မြန်မာ့နေပြည်တော်ကြီး၌ တည်ရှိထားသည့်အားလျော်စွာ ရွှေသား ရွှေတုံးကြီးပမာ များစွာသောရတနာအစုအပုံတို့ဖြင့် စုပြုံပူဇော်ရာ ဌာနကြီးဟုပင် ဆိုရပေသည်။ ထို့ကြောင့်ပင် ရွှေတိဂုံစေတီတော်ကြီးသည် ဗုဒ္ဓဘာသာ မြန်မာအမျိုးသား အမျိုးသမီးတို့၏ အသက်ပမာ များစွာသော နေ့နေ့ညည ကာလအချိန်ရှိသမျှ

ပင် သွားကြလာကြ၊ ရှိခိုးပူဇော်ဖူးမြော်ကြနှင့် အဓိကရ ပူဇာရဟ ဓာတုစေတီတော်ကြီးပင် ဖြစ်ပေသည်။

ဖော်ပြပါအတိုင်းပင် ရွှေတိဂုံစေတီတော်ကြီးသည် မြို့တော်ရန်ကုန်၌တည်သဖြင့် တစ်ပြည်လုံး၏ ပူဇော်ရာ စေတီတော်ကြီး ဖြစ်သည်တစ်ကြောင်း၊ အသွားအလာလွယ်ကူ၍ ပူဇော်ဦးတင် ဖူးမြင်မငြီးဖွယ် ကြီးကျယ် ထူးခြားလှသည်တစ်ကြောင်း စသည်တို့ကြောင့် စေတီတော်ကြီး၏ ရင်ပြင်တော်၌ ပူဇော်ရှိခိုးရန် လာရောက်ကြသူတို့မှာ နေ့ညမပြတ်ပင် အစဉ် ပြည့်ကျပ်၍ နေလေ့ရှိပေသည်။ အလုပ်အားလပ်ချိန်ဖြစ်သော ညနေပိုင်း၊ သည့်ဦးပိုင်းတို့တွင် လာရောက် ဖူးမြော် ကြည်ညိုသူတို့ ပိုမိုများပြားပေရာ အချို့မှာ စေတီတော်ရင်ပြင်တွင် လှည့်ပတ်၍ လည်းကောင်း၊ ကျောင်းများ တန်ဆောင်းများတွင် ဝင်ရောက်၍လည်းကောင်း ရှိခိုးပူဇော်ကြသော်လည်း အချို့သော ဗုဒ္ဓဘာသာဝင် သူတော်စင်အမျိုးသား ဥပါသကာတို့ကား စေတီတော်ကြီး၏ အထက်ပစ္စယံခေါ် ပန်းတင်ခုံ၊ သို့မဟုတ် ဖိနပ်တော်ခေါ်

အုတ်ခုံတော်ပေါ်သို့ တက်ရောက်၍ ဖူးမြော်ကြည်ညို ရင်း အချိန်ယူ၍ ပုတီးစိပ်သူစိပ်၊ တရားထိုင်သူထိုင် နှင့် လုပ်ငန်းဝင်ကြကုန်၏။ ဤဖိနပ်တော်အုတ်ခုံ ကြီးပေါ်သို့ တက်ရောက်ပူဇော်နိုင်ရန် စေတီတော် ကြီး၏တောင်ဘက်တွင် သံတံခါးပေါက်နှင့် သစ်သားလှေကားတစ်ခု တပ်ဆင်ထားရှိလေသည်။

(ဤရွှေတိဂုံ စေတီတော်ကြီး၏ အောက်ခုံ အမြင့်ကို အများကပင် ပစ္စယာဟု ခေါ်ကြသော် လည်း ဤခုံအမြင့်၏ အထက်ပိုင်းမှစ၍သာ ပထမ ပစ္စယာ၊ ဒုတိယပစ္စယာနှင့် တတိယပစ္စယာဟူ၍ ပလ္လင်ပုံသဏ္ဌာန် ပစ္စယာ သုံးဆင့်ကို တည်လုပ် ထားသဖြင့် ဤခုံအမြင့်ကို ဖိနပ်တော်ဟူ၍ လည်းကောင်း၊ ပန်းတင်ခုံဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ၏။ ဤဝေါဟာရများကို ဤကျမ်းစာ၌ ရှင်းလင်း ဖော်ပြထားသည်ကို တွေ့ကြရပါလိမ့်မည်။)

## ပေါ်ပေါက်လာသော ပြဿနာ

ဤပန်းတင်ခုံပေါ်၊ သို့မဟုတ် စေတီတော်ကြီး ၏ ဖိနပ်တော်ခေါ် စတုရန်းအုတ်ခုံကြီးမှာ လူအများ သွားလာဖူးမြော်နေကျ စေတီရင်ပြင်ထက် ၆ပေ

# စေတီနှင့် ရှိသေမှု

## ဤကျမ်း ပေါ်လာရပုံ

ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင် လူကြီးများသည် စေတီတော်ကြီးနှင့်ဆိုင်သော ပြဿနာတစ်ခုခု ပေါ်ပေါက်လာတိုင်းပင် အဖွဲ့ဝင် လူကြီးများ စည်းဝေးတိုင်ပင်၍ ပြဿနာကိုဖြေရှင်း ကြရသည်။ မိမိတို့ လူပုဂ္ဂိုလ်များအနေနှင့် မဖြေရှင်း နိုင်လျှင် တင်မြှောက်ထားသော သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများကို ပင့်လျှောက်၍ လျှောက် ထား ဖြေရှင်းတော်မူစေ၏။ ဤပန်းတင်ခုံပေါ် တက် ၍ ရှိခိုးမှုဆိုင်ရာ ဂါရဝ၊ အဂါရဝပြဿနာမှာ လူ ပုဂ္ဂိုလ်များအနေနှင့် ဖြေရှင်းနိုင်သော ပြဿနာ မဟုတ်၊ ပရိယတ္တိဆောက နိကာယဏ္ဍဝပါရဂူ ပိဋကတ် တံခွန်ထူ ဆရာတော်ဘုရားကြီးများ၏ အရာသာ ဖြစ်သဖြင့် ဤပြဿနာသည် နောက်ဆုံး တွင် ရွှေတိဂုံဂေါပက သြဝါဒါစရိယ ဆရာတော် ဘုရားကြီးများ ရှေ့တော်မှောက်သို့ ရောက်ရှိ၍ လာခဲ့ ပေတော့သည်။

ဆရာတော်ကြီးများလည်း သင့်လျော်သလောက် ပြန်ကြား မိန့်မြွက်တော်မူကြပြီးလျှင် ဤပြဿနာ

ကား အရေးကြီးသောပြဿနာဖြစ်ရာ သာမန်ဖြေဆို ရေးသားရုံဖြင့် လိုအပ်သော အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ခိုင်လုံသော အဖြေတစ်ရပ်ရဖို့ မလွယ်ဟု မြင်ကြသည့် ကျမ်းဂန်စာပေ အထောက် အထားတွေ လေ့လာသုံးသပ်လျက် အဆုံးအဖြတ် ရေးကြရန် ထိုအခါက ဩဝါဒါစရိယ စုံညီအစည်း အဝေးတွင် ပဓာနနာယက ဖြစ်တော်မူသော ဘုံပျံဆရာတော်ဘုရားက မိန့်ကြားတော်မူခဲ့ပါသည်။

ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည်လည်း ဤပြဿနာနှင့်စပ်၍ ဆိုင်ရာဆိုင်ရာ အချက်အလက် များကို ရှာဖွေလေ့လာ စုဆောင်းခဲ့ပါသည်။ အချို့ အသိရခက်သော ‘ ပုဋ္ဌဝေဒိကာ ’စသော ဝေဒီကာ တွေ သိဟိုဠ်စေတီနှင့်ဆိုင်ရာ အချက်အလက်များ မဟာစေတီနှင့်ဆိုင်သော ရှေးဟန်သဏ္ဌာန် အခြင်း အရာများကို သီရိလင်္ကာဆရာတော် ဦးဉာဏိန္ဒထံ လှမ်းစုံစမ်းခဲ့ပါ၏။ ယခုခေတ်မှာ အသုံးမရှိသော ရှေးထုံးဟန်ပန်များဖြစ်၍ ယခုခေတ် ဆရာတော်တွေ တယ်နားမလည်ကြဟုသာ ပြန်ကြားချက်ရခဲ့သည် ဆိုပါ၏။ ဤသို့စေတီဆိုင်ရာ အချက်အလက်တွေ

စုံစမ်းရှာမှုသာ ဖွေရှာနေနိုင်သေး၍ ထိုအခါက တာဝန်ကျနေသော ကျောက်ပုံတောရဝိဝါဒအတွက် ဆောင်ရွက်နေရသဖြင့် ရတ်တရက် မရေးဖြစ်ခဲ့။ ဤသို့အားဖြင့် အတော်ကြာနေခဲ့ရာမှ အချို့ဂေါပကလူကြီးများက ထပ်မံ လျှောက်ထားပြန်သဖြင့် ရေးသားခဲ့ရာ ဤ"စေတိယတ္ထဒဿန"မှာ ဖြစ်ပေါ်လာခဲ့ရပါသည်။ ဤအဆုံးအဖြတ်မှာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်(၁၀)ပါးထံ တင်ပြပြီးဖြစ်ရာ အားလုံးကပင် ကျေနပ်လက်ခံတော်မူကြပြီးဖြစ်ပါသည်။ ဩဝါဒါစရိယဆရာတော်များသာမက တခြား ရဟန်းပညာရှိ၊ လူပညာရှိ၊ ကျမ်းဂန်အရာ ပါရဂူပုဂ္ဂိုလ်အချို့အားလည်း တင်ပြခဲ့ရာ တင်ပြအပ်သမျှ ပညာရှင်တို့ကလည်း ကျေနပ်အားရ လက်ခံခဲ့ကြပါသည်။

ဤကျမ်းကို ပညာရှင်များ ဘယ်မျှ လေးစားမြတ်နိုးသည်ကို အမြွက်မျှ ပြဆိုရလျှင်–

တပည့်တော်များအတွက် ဗဟုသုတ တိုးပွားရုံမျှမက ဖတ်ရင်းဖတ်ရင်း သဒ္ဓါတရားများလည်း

ဖြစ်ပွားလာပါသည်။ တပည့်တော်များ ရေးက ဝတ္ထု သိရုံမျှ အမှတ်မဲ့ဖတ်လာခဲ့သောစာများ၌ ဆရာတော်၏ မှတ်မှတ်သားသား ကြည့်ရှုမှုနှင့် ယခုလိုကိစ္စ၌ ထိမိစွာ အသုံးချနိုင်မှုတို့ကို တပည့်တော်များ အလွန် အံ့ဩချီးကျူးမိပါသည်ဟု လည်းကောင်း၊ စေတီပုထိုးတို့နှင့် ပတ်သက်၍ ရိုသေမှုဂါရဝတရား လမ်းမှန်သွားအောင် ညွှန်ပြထားသော စာဖြစ်သဖြင့် အလွန် တန်ဖိုးရှိလှပါသည်ဟု လည်းကောင်း၊ ရွှေတိဂုံအထက်ပစ္စယာသို့ အဂါရဝစိတ်မရှိပါဘဲ တက်ပါက တက်သင့်ကြောင်း ရေးသားထားခြင်းတို့သည် ဖတ်လို့လည်းကောင်း၊ မှတ်သားဖွယ်ရာ တွေလည်းဖြစ်၊ စာပေအရလည်း မှန်ကန်နေသည့်အတွက်ကြောင့် တစ်စုံတစ်ရာ အပြစ်တင်ဖွယ်မမြင်၊ စင်ကြယ်လျက်ရှိသော အသွင်ကိုသာဆောင်နေသည်ဟု သုံးသပ်မိပါသည်ဘုရားဟု လည်းကောင်း ဤသို့ စသော ပညာရှင်တို့ ခံမင်ဂုဏ်တင်အပ်သော စာလွှာများပါ ကောက်ချက်များကပင် သက်သေခံလျက် ရှိပါတော့သည်။

## စေတီနှင့် ရှိသေမှု

ဤ "စေတိယင်္ဂဒဿနခေါ် စေတီအကြောင်းအရာတို့ကို ဖော်ပြရာကျမ်း "နှင့် ပတ်သက်၍ ကျမ်း၏အခြင်းအရာ လေ့လာရရှိချက်များကို မဖော်ပြမီ ကျမ်းစာကို ပြုစုတော်မူသော ဆရာတော်ဘုရား၏အကြောင်းကို စဉ်းငယ်မျှ ဖော်ပြလိုပေသည်။ ဤစေတိယင်္ဂဒဿန ကျမ်းပြုဆရာတော်မှာ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ တစ်လောကလုံးအဖို့ အထူးမိတ်ဆက်ပေးစရာ ဂုဏ်ပြု ဂုဏ်ဖော်ပေးစရာ မလိုသော ဆရာတော်တစ်ပါးပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် သပြေကန်ပရိတ်ကြီးနိဿယသစ်ဟူသော ကျမ်းစာတစ်စောင်တည်းဖြင့် ဗုဒ္ဓဘာသာ ရဟန်းရှင်လူအားလုံး၏ နှလုံးသည်းပွတ်ပမာ ဖြစ်လာရသည်။ မြန်မာနိုင်ငံတော်ဖွား ဗုဒ္ဓဘာသာဝင် သူတော်စင် ဥပါသကာ၊ ဥပါသိကာ အများတို့၏ ဆရာသမားတစ်ဆူဖြစ်လာရပေသည်။ ထို့ကြောင့် ဆရာတော်ဘုရား၏ နေရပ်ဘွဲ့မည် ဂုဏ်ရည်တို့ကို ဖော်ပြောနေသည်ထက် "ပရိတ်ကြီးနိဿယသစ်ဆရာတော် "ဟုဆိုလျှင်ပင် ဆရာတော်အတွက် မိတ်ဆက်မှုကိစ္စ ပြီးစီးပါသည်။

## ဓမ္မဒါန

ဂုဏ်ပြုဖွယ်လည်း အထူးလိုအပ်မည်မထင်ပါ။ ဆရာတော်ဘုရားသည် ကိုရင်သာမဏေငယ်ဘဝ ၁၅–နှစ်သားလောက်မှစ၍ အစိုးရပထမပြန် စာမေးပွဲများကို အဆင့်ဆင့် အောင်မြင်ခဲ့ရုံမက ဝိနည်း ပါဠိတော် ၅–ကျမ်းကို ပြန်ဆိုနိုင်ခဲ့ပြီး ရဟန်းငယ်ဘဝဖြင့်ပင် သံယုတ္တဘာဏက ဓမ္မာစရိယ သိရောမဏိ သကျသီဟ စသော စာသင်သားလောက၏ အကြီးမြင့်ဆုံး ဘွဲ့ထူးများကို ရရှိခဲ့သည်။ အရွယ်တော် ကြီးရင့်လာသောအပိုင်းတွင်လည်း အသင်းအဖွဲ့များစွာ၏ ဥက္ကဋ္ဌ သြဝါဒါစရိယ နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဖြင့် အချီးမြှောက် ခံတော်မူရသည်။ ထို့ကြောင့် ဆရာတော်အား ဂုဏ်ပြုရေးသားနေဖွယ် မလို၊ အလိုလို ဂုဏ်မြောက်နေသော ဆရာတော်တစ်ပါးသာ ဖြစ်ပါလေသည်။

ဆရာတော်ဘုရားသည် ငယ်စဉ်က စာပေအရာ ပြင်းပြင်းထန်ထန် အားသွန် ခွန်စိုက် ကျက်မှတ်ခဲ့ရသည်မဟုတ်၊ အလွယ်တကူဖြင့်သာ စာတွေရခဲ့သဖြင့် စာအတွက်၊ စာမေးပွဲ စာပြန်ပွဲ

တွေအတွက် ရောဂါရသည်ဟု မဆိုနိုင်သော်လည်း ကံမကောင်း အကြောင်းမသင့်ဆိုသလို အရွယ်တော် အလတ်ပိုင်းတွင် ကျန်းမာရေး အတော်အတန် ချွတ်ယွင်းသဖြင့် စာပေပို့ချခြင်း၊ ကျမ်းစာ ရေးသားခြင်းစသော သာသနာမှုလုပ်ငန်းတို့ကို အစွမ်းရှိသလောက် ဆောင်ရွက်တော်မမူနိုင်ခဲ့ချေ။ သို့သော် အရွယ်တော် အတန်ရင့်လာချိန်တွင်မူ ကျန်းမာရေးလည်း အထိုက်အလျောက် ကောင်းမွန် လာသဖြင့် ရွှေတိဂုံ စသော စေတီတော်များနှင့် သာသနာရေး ဘာသာရေး အဖွဲ့အစည်းများစွာတို့၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သီးခြားဝိနည်းဓိုရ်အဖွဲ့ဥက္ကဋ္ဌ စသော သာသနာရေးရာ များစွာသောလုပ်ငန်းဆောင်တာများကို ဆောင်ရွက် ၍ လာနိုင်တော့သည်။ ပရိတ်ကြီး နိဿယသစ်အပြင် ဓမ္မနှင့်ဂုဏ်အဖွဲ့စုံ ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော် စသော ကျမ်းစာများကို ရေးသားတော်မူလာနိုင်တော့သည်။ သက်ရွယ်တော် နှင့် ဉာဏ်ရည်ရင့်ချိန်တွင်မှ အခန့်သင့်ကျန်းမာ၍ ကျမ်းစာများ ပြုစုတော်မူနိုင်သည်မှာ သာသနာတော်

နှင့် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်ကြီး၏ ကုသိုလ်ကံ ဟူ၍ပင် ဆိုသင့်ပါတော့သည်။

ဆရာတော်၏ကျမ်းစာတို့သည်ကား ကျမ်းစာ မည်ကာမတ္တ မဟုတ်ပါ၊ အရေးအသား၊ အဖွဲ့အကုံး၊ အသုံးအနှုန်း ကျစ်လျစ်လျက် သစ်လွင်သော စကားတန်ဆာတို့ကြောင့် စာဖတ်ပရိသတ်တိုင်း နှစ်သက်လျက် အနက်အဓိပ္ပာယ် ရှင်းလင်းပြီး ဆိုလိုရင်းအတိုင်း နားလည်ကျေနပ်ရသော အရေးအသားမျိုး ဖြစ်သည်။ တစ်ခါတစ်ရံ ပါဠိဂါထာ ဆောင်ပုဒ် ကဗျာကလေးများကို ညှပ်၍ ရေးတတ်သည်။ ဆရာတော်၏ ပါဠိဂါထာတို့မှာ အလင်္ကာဂုဏ်မြောက်၍ တောက်ပ လင်းထိန်နေသော ကျောက်မျက်ရတနာများပမာ များစွာ ဖတ်ရွတ်၍ ကောင်းလှသည်။ မြန်မာကဗျာတို့မှာလည်း ကဗျာပီသ သဖြင့် ဖတ်ရ ရွတ်ရသည်မှာ အရသာ တွေ့လှပေသည်။

မြန်မာအဓိပ္ပာယ် ရှင်းပြချက်တို့ကလည်း ပြဆို လိုသော အချက်အလက်တစ်ခုကို ရှုထောင့်အထွေ ထွေမှ ပြေလည်အောင် ရှင်းတတ်သဖြင့် ဖတ်ရှု

ပြီးလျှင်ပြီးချင်း ရှင်းလင်းကျေနပ်၍ သွားရစမြဲပင် ဖြစ်သည်။ ဆရာတော်ဘုရား၏ ပုဒ်တစ်ပုဒ်ကို ထုတ်ဆိုရှင်းလင်း၍ လင်းချင်းထင်မြင်သွားအောင် ရေးပြတတ်ပုံကို သာဓကပြလိုပါသည်။ ဆရာတော်ဘုရား ရေးသားတော်မူသော ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်စာအုပ် ဥပါသကာခေါ်ပုံတွင်–

"ဥပါသကာဟူသည် ဆည်းကပ်သူဟု အနက်ရ၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ် အားထားရာဟု ဆည်းကပ်သူ၊ သိမှတ်သူတည်း။ တစ်မျိုးပြောရလျှင် ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏– စသည်ဖြင့် ဆည်းကပ်သော ထိုပုဂ္ဂိုလ်သန္တာန်မှာ ဘုရားကို ကိုးကွယ် ဆည်းကပ်ကြောင်း သရဏဂုံ ဖြစ်နေ၏။ ထိုသရဏဂုံမှာ ကိုးကွယ် ဆည်းကပ်မှုကို ပြီးမြောက်စေတတ်သော ကိုးကွယ်ဆည်းကပ်ကြောင်း ကုသိုလ်စိတ်ပင်တည်း။ ထိုသရဏဂုံ ဖြစ်လာသော ပုဂ္ဂိုလ်ကို ဥပါသကာဟု ဆိုရ၏။ ထိုသို့ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်

သူ၊ သရဏဂုံဆောက်တည်သူအဖို့ အမျိုးသမီး ဖြစ်က " ဥပါသိကာ "ဟု ဝေါဟာရ ဖြစ်လာ ၏။ ထို့ကြောင့် ဥပါသကာကိုပြောလျှင် ဥပါသိကာမိန်းမလည်း ပါဝင်ပြီဖြစ်ကြောင်း သိပါလေ။ (ယင်းစာအုပ်–၁၁)

ဟု ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် ရှင်းလင်း ပြဆိုထားပေရာ ဥပါသကာ၊ ဥပါသိကာ နှစ်မျိုးလုံး အတွက် အမြင်ရှင်းသွားရပေသည်။

ဆရာတော်၏ ပရိတ်ကြီး နိဿယသစ်တွင် လည်း ဤကဲ့သို့ပင် ခက်ခဲသမျှပုဒ်တိုင်းကို သိုင်းသိုင်းဝိုင်းဝိုင်း ခွဲစိတ်ကြိတ်ခြေ၍ ကျေကျေ ညက်ညက် သိမြင်အောင် ရေးသားတော်မူခဲ့၏။ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ရပြီးစနှစ် ဂုဏ်ပြုပွဲ ကျင်းပရာတွင် ပရိတ်ကြီးနိဿယ ကောင်းမွန် ကြောင်းဖြင့် စကားစပ်၍ ဤပရိတ်ကြီးနိဿယ စာအုပ်တစ်အုပ်တည်းဖြင့်ပင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ကို ရထိုက်ကြောင်း ပညာရှင်တစ်ဦးက ပြောရာ ကျော်ကြားသော ပညာရှင်ကြီးတစ်ဦးက ပရိတ်ကြီးနိဿယ တစ်အုပ်တည်းဖြင့်ဟု မဆို

ထိုက်၊ ပရိတ်ကြီးနိဿယသစ်လာ ပုဒ်တစ်ပုဒ်၏ အဆုံးအဖြတ်မှုဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရထိုက်ကြောင်းဆို၍ အာဋာနာဋိယသုတ်လာ "မဟာသာသာ"ပုဒ် ဆုံးဖြတ်ပုံကို ထောက်ပြခဲ့လေသည်။ ဤသို့ ကိုယ်တွေ့ ကြုံရဖူးပေသည်။

## တကယ်လိုအပ်သော ကျမ်းစာ

ဆရာတော်ဘုရား အကြောင်းအားလျော်စွာ ဆုံးဖြတ်ရေးသားလိုက်ရသော ဤစေတိယင်္ဂဒဿန အဆုံးအဖြတ်ကျမ်းစာမှာလည်း အချိန်အတိုင်းအတာ တိုတိုကလေးဖြင့် ရေးသားတင်ပြရသောကျမ်းပင် ဖြစ်လင့်ကစား စောစောက လေ့လာချက်အရ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာမကယုတ္တိတို့ဖြင့် ထိထိမိမိ၊ ခိုင်ခိုင်ခံ့ခံ့ တင်ပြထားလေသည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာမြောက်မြားစွာကို ကိုးကား၍ ရေးသားပြဆိုထားသဖြင့် ဖတ်ရှုရသူတိုင်း ကျေနပ်အားရ သဘောကျကြကုန်၏။

စေတီတော်နှင့်စပ်သော ကျမ်းစာဖြစ်၍ ရှေးဦးစွာ စေတီ(စေတိယ)နှင့်စပ်သော အနက်အဓိပ္ပာယ်

တို့ကို ရှင်းလင်းတင်ပြထားပေသည်။ နတ်ကွန်း သစ်ပင်တို့ စေတီမည်ပုံမှစ၍ ပြရိုးပြစဉ် ဖော်ပြချက်တို့အပြင် ပရိဘောဂစေတီဖြစ်သော ဗောဓိပင် အကြောင်း ကျယ်ကျယ်ပြန့်ပြန့်ပင် ပြဆိုသွားပေရာ ဗဟုသုတ ပွားများဖွယ်ရာပင် ဖြစ်ပါပေ၏။ အထူး ပြု၍ ဇိနာလင်္ကာရလာ ဂါထာများကို ဖော်ထုတ် လျက် ဗောဓိပင်နှင့် ရွှေပလ္လင်တို့ ပူဇော်ဖွယ်ဖြစ်ပုံကို သတိပေးထား၏။ ထိုနှင့်ဆက်၍ စေတီသုံးမျိုးရှိပုံနှင့် ဥဒ္ဒိဿစေတီအကြောင်း ဖွင့်ဆိုဖော်ပြထားချက်တို့ မှာ ရဟန်းရှင်လူတိုင်း အထူးသတိချပ်၍ သိမှတ် ထားဖွယ်ရာ အဆိုအမိန့်ထူး၊ ဝါဒထူးများပင် ဖြစ်ပေ တော့သည်။

"ဥဒ္ဒိဿဆိုသည်မှာ အထည်ဝတ္ထုမရှိ၊ မြတ်နိုး ရုံသာဆိုသော အဋ္ဌကထာစကားကို ဋီကာက ဤသို့ဖွင့်ပြ၏ ဥဒ္ဒိဿဟူသည် ရည်ရွယ် ပြုလုပ်အပ်သော ဆင်းတု စသည်တည်း။ အဝတ္ထုကဟူသည် သာရီရိက ပရိဘောဂ စေတီတို့ကဲ့သို့ ထင်ရှားဖြစ်သည်မဟုတ်၊ ပညတ်မျှသာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဂုဏ်တော်

တို့ကို အောက်မေ့ခြင်း စသည်၏ အစွမ်းဖြင့် ဖြစ်၏။ ”

“ နောက်ကာလ၌ကား ဉာဏ်နုသောသူတို့၏ စိတ်၌ ထင်လွယ်မြင်လွယ်စေခြင်းငှာ မြတ်စွာဘုရား၏ဆင်းတုတော်၊ အရှင်သာရိပုတ္တရာ စသော အရိယာသံဃာတို့၏ဆင်းတုတော်၊ မြတ်စွာဘုရား စကားတော်တို့ကို အက္ခရာ အမှတ်အသားဖြင့် ရေးသားထားသော ပေစာကျမ်း ပုရပိုက်ဟူသော ဓမ္မစေတီတို့သည် ဥဒ္ဒိဿ စေတီ၌ ဝင်ကုန်၏။ ”

တစ်ဖန် စေတီနှင့်စပ်၍ လူတို့ တည်လုပ်ဖန်တီးထားသော ထူပ(ပုထိုး)စေတီများကိုသာ စေတီခေါ်ရသည်မဟုတ်သေး “ ပလ္လင်္က ဗောဓိရုက္ခဥ္စ ” စသော ဝိနယဟောဝဂ္ဂအဋ္ဌကထာစကားအရ မြတ်စွာဘုရား သီတင်းသုံးတော်မူရာဌာန၊ ဖွားမြင်တော်မူရာ၊ ဒုက္ကရစရိယာကျင့်တော်မူရာ၊ ဓမ္မစကြာ ဟောတော်မူရာ စသော ဗုဒ္ဓမြတ်စွာနှင့် စပ်ရာ ဌာနတိုင်းပင် နတ် လူတို့ ပူဇော်ထိုက်သောကြောင့် စေတီပင်မည်ကြောင်း ဖော်ပြထား၏။ ထို့နောက်

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ဘုရားရုပ်တုတော် (ပဋိမာ) မရှိသေးကြောင်းနှင့် ထူပခေါ် ပုထိုးစေတီများပင် များများစားစား မရှိသေးကြောင်း အကိုးအကားနှင့် ရေးသားထားသည်မှာ မှတ်သားစရာပင် ဖြစ်ပါသည်။

ထို့ပြင် ဤကျမ်းစာ၏ ပဓာနပြဿနာဖြစ်သော ရွှေတိဂုံစေတီတော်ကြီး၏ ပစ္စယာဟု အများခေါ်နေသည့် ပေနှစ်ဆယ်ကျော်မြင့်သော အုတ်ခုံတော်ကြီးသည် ပလ္လင်တော်လော၊ ဖိနပ်တော်လောဟူသော ဝေါဟာရဆိုင်ရာပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြချက်ကို ဖတ်ရှုမှတ်သားရပေသည်။ ထို့နောက်မှ ကျမ်းစာ၏ အသည်းနှလုံးပမာဖြစ်သော ဂါရဝ၊ အဂါရဝ ပြဿနာကို စိတ်ရှည်လက်ရှည် ရှင်းလင်း ဖော်ဆို၍ထားသည်ကို တွေ့ရသည်။ ဤအခန်းကဏ္ဍတွင် ဗုဒ္ဓ အဂါရဝအကြောင်းကို ဗုဒ္ဓဘာသာဝင်တို့ အရိုးကျ မှတ်သားကြရန်အတွက် အကွက်စေ့စေ့ဖော်ကျူးထားပေရာ သေချာစေ့ငု သတိပြုဖတ်ကြား၍ မှတ်သားကြရန်ပင် ဖြစ်ပါပေသည်။

## စေတီနှင့် ရှိသေမှု

စေတီယင်္ဂဏခေါ် စေတီရင်ပြင်အကြောင်း စေတီတော်ပေါ်သို့ တက်ရောက်သင့်သော အခြေအနေနှင့် မတက်ရောက်သင့်သော အခြေအနေတို့ကို လည်း ဝတ္ထုသာဓက အသွယ်သွယ်ဖြင့် အကျယ်ပြဆိုထားပေသည်။ ဤတွင် သံယုတ်အဋ္ဌကထာလာ ဒီဃဝါပီစေတီ၌ အင်္ဂတေလိမ်းကျံနေစဉ် မုဒ္ဒဝေဒိကာခေါ် ထီးအောက် အကျည် (ငှက်ပျောဖူးထိပ်)မှ လိမ့်ကျသော ရဟန်းငယ်ဝတ္ထု သမ္မောအဋ္ဌကထာလာ တန်ခိုးရှင်သာမဏေက ဦးရီးတော် ဥပဇ္ဈာယ်ဆရာအား မဟာစေတီတော်ကြီး ပစ္စယာအဆင့်ဆင့်ပေါ်သို့ တက်၍ ပန်းပူဇော်စေသောဝတ္ထုများကို ထုတ်ပြထားပေသည်။ ထူးခြားစွာပင် ဘဒ္ဒကာပိလာနီထေရီအပေါင်းအမျိုးသမီးက တည်ဆောက်နေဆဲ ကဿပမြတ်စွာဘုရား၏ ဓာတုစေတီတော်ထက်သို့ ကိုယ်တိုင် ရွှေအုတ်တက်စီသောဝတ္ထု(သံ၅ ၁၊ ၁၃၂)ကို ဖော်ပြထားရာ ပူဇော်လိုသောစိတ်ဖြင့် တက်က အမျိုးသမီးများပင် စေတီတော်ပေါ်သို့ တက်နိုင်ကြောင်း သတိချပ်ရန်ပင်ဖြစ်လေသည်။

ဤသို့ဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ ဖိနပ်တော်အုတ်ခုံကြီးပေါ်သို့ ရဟန်းတော်များ၊ အမျိုးသားများသာ တက်ရောက်ဝတ်ပြုနေကြသည်ကို တွေ့ရပြီး အမျိုးသမီးများ တက်ရောက်ဝတ်ပြုသော အစဉ်အလာကား မရှိခဲ့ပေ။ ဤသည်မှာ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ ယဉ်ကျေးမှုအရ မတက်ရောက်ကြခြင်းသာဖြစ်၍ အမျိုးသမီးတို့ တက်နိုင်၊ မတက်နိုင်ပြဿနာမှာ ဤနိုင်ငံ၌ မပေါ်သော်လည်း ဗုဒ္ဓကျမ်းစာ စာလာပေလာအရ စေတီတော်ပေါ်သို့ အမျိုးသမီးတို့ တက်ခွင့်ရှိ မရှိ၊ တက်ကောင်း မတက်ကောင်းအရေးမှာ ပသန္နနှင့် ပဒုဋ္ဌစေတနာ နှစ်ဝကိုသာ ကြည့်သင့်သည်ဟု ဆိုသင့်ပေသည်။

ခြုံ၍ဆိုရသော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအရှင်မြတ်၏ ဤ "စေတိယတ္ထကထာ" အဆုံးအဖြတ်ကျမ်းစာသည် ရွှေတိဂုံစေတီတော်ကြီး၏ ပန်းတင်ခုံဖိနပ်တော်ပေါ်သို့ တက်ရောက်ရှိခိုးခြင်း၌ ဂါရဝ၊ အဂါရဝကိစ္စသာမက မြန်မာနိုင်ငံတော်ဗုဒ္ဓဘာသာ တစ်သာသနာလုံးရှိ

## စေတီနှင့် ရှိသေမှု

စေတီ ပုထိုးအမျိုးမျိုးတို့၌ ရှိခိုးပူဇော် ဖူးမြော် ချဉ်းကပ်နည်း နိဿရည်းတို့ကိုပါ သိပ်သိပ်သည်းသည်း နည်းပြ၍ ဆုံးမသင်ကြားပေးထားသော ကျမ်းစာသဖွယ် ဖြစ်နေပေသည်။ ထို့ကြောင့် ဤ စေတိယတ္ထဒဿန (စေတီအကြောင်းအရာတို့ကို ဖော်ပြရာ) ကျမ်းစာသည် ဗုဒ္ဓမြတ်စွာ သာသနာတော် အတွက် ရှိသင့် ရှိထိုက်သော အဖိုးတန် သာသနာပြု ကျမ်းစာတစ်စောင်ပင်ဖြစ်ကြောင်း အမှာစကား ရေးသားလိုက်ရပါသတည်း။

အရှင်တိလောကသာရ
ဓမ္မသီတဂူကျောင်း
ဘုရားကြီးတိုက်
ရန်ကုန်

၁၃၄၈–ခုနှစ်၊ ဦး တန်ခူးလ
၂၆–၄–၈၆

## စေတီနှင့် ရှိသေမှု

## မမွှဒါန စာသဝဏ်

သပြေကန် ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ သာသနာတော်သမိုင်းတွင် နေတစ်ဆူ၊ လတစ်ဆူနှယ် ထင်ရှားခဲ့ကြသော ဆရာတော်များ အနက် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ ပရိယတ္တိ သာသနာတော်အတွက်လည်း အထူးကျေးဇူးများခဲ့ သော ဆရာတော်ကြီးဖြစ်ပါသည်။ သာသနာတော် နှင့် တပည့်ဒကာများအတွက် ကျေးဇူးများလှသော သပြေကန်ဆရာတော်ကြီးသည် ကျွန်မတို့မိသားစု (ဖခင်ကြီး ဦးလှစိုး၊ မိခင်ကြီး ဒေါ်အုန်းရီ)၏ ကျေးဇူးရှင်တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ .

ကျွန်မတို့မိသားစု ဆရာတော်ကြီးအား အကြောင်းဆုံ၍ စတင် ဖူးမြော်ကြည်ညိုခွင့်ရခဲ့ပုံ မှာလည်း အလွန်ထူးခြားလှပါသည်။ လွန်ခဲ့သော ၉–နှစ်ခန့်က ဖြစ်ပါသည်။ ညီမငယ် ဒေါက်တာ မေခင်စိုးသည် တစ်ညတွင် ဆရာတော်ကြီးအား တစ်ကြိမ်မျှ ဖူးမြော်ခဲ့ဖူးခြင်း မရှိပါဘဲလျက် အိပ်မက် မြင်မက်ပါသည်။ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ၌ သီတင်းသုံးနေသော ဆရာတော်ကြီးဖြစ်ကြောင်း

စုံစမ်းသိရှိခဲ့ပါသည်။ ချက်ချင်းသွားရောက် ဖူးမြော်ခဲ့ရာမှ မိသားစု တစ်စုလုံး ဆရာတော်ကြီးထံ ရောက်ရှိ ဖူးမြော်ခွင့်ရကာ ဆရာရင်း ဒကာရင်းများဖြစ်သွားခဲ့ကြပါသည်။

ဆရာတော်ကြီးထံမှ ဆုံးမဩဝါဒတရားတော်များ နာကြားခွင့်ရခဲ့ရုံမက ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံမှု၊ ရိုးသားမှု၊ အလိုနည်းမှု၊ ငြိမ်းအေးမှု၊ အလွန်ရင့်ကျက်တည်ငြိမ်မှု၊ ဗဟုသုတအလွန်ပြည့်စုံမှု၊ ဝိနည်း အလွန်ထိန်းသိမ်းစောင့်ရှောက်မှု စသည့် ဂုဏ်အရည်အချင်းများကို သိရှိဖူးမြော်ခွင့်ရပြီး၊ ကုသိုလ်ကောင်းမှုဖြည့်ဆည်းခွင့်များစွာရရှိခဲ့ပါသည်။ ထို့ပြင် ကျွန်မနှင့် ပတ်သက်၍ ကျွန်မတို့မိသားတစ်စုလုံး သောကအပူမီး တောက်လောင်ရသည့်အခါ ကျွန်မ၏ မိခင်ကြီးနှင့်တကွ ကျွန်မတို့၏ မိသားစုသည် ဆရာတော်ကြီး၏ တရားအေးရိပ်၌ အားကိုးတကြီး ပြေးဝင်ခိုလှုံခဲ့ဖူးပါသည်။ မိခင်ကြီးကွယ်လွန်အနိစ္စရောက်၍ တစ်လပြည့် ဆွမ်းကျွေးသောအခါ ဆရာတော်ကြီးကိုယ်တိုင် သံဃာတော်များနှင့်အတူ ကျွန်မတို့၏ အိမ်သို့

ကြွရောက်၍ ဆွမ်းအနုမောဒနာတရား ဟောကြား ချီးမြှင့်ပေးတော်မူခဲ့ပါသည်။

ကျွန်မ၏မိခင်ကြီး(ဒေါ်အုန်းရီ) ကွယ်လွန်အနိစ္စ ရောက်သွားခဲ့သည့်တိုင် ကျွန်မအနေဖြင့် အားရ ကျေနပ်အောင် မိခင်ကျေးဇူး တုံ့ဆပ်ခြင်း မပြုနိုင်ခဲ့ ပါ။ အလားတူ ဆရာတော်ကြီး ဘဝနတ်ထံစံလွန် သွားခဲ့သည့်တိုင် ဆရာတော်ကြီး၏ ကျေးဇူးတရားကို အားရကျေနပ်အောင် တုံ့ဆပ်နိုင်ခြင်း မရှိခဲ့ပါ။ ယခု အခါ အခြေအနေပေးလာပြီဖြစ်၍ မိခင်ကြီး၏ အနန္တဂုဏ်ကျေးဇူးအား ရည်မှန်းတုံ့ဆပ်သောအားဖြင့် မိခင်ကြီးဝါသနာပါလှသည့် စာအုပ်တိုက်လုပ်ငန်းကို ထူထောင်၍ "မိခင်ဧရာဝတီ" အမည်ဖြင့် ဂုဏ်ပြုနိုင် ခဲ့ပါပြီ။ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်သွားသည့် အချိန်အထိ ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်ခဲ့သေးသည့် "စေတီနှင့် ရိုသေမှု" အမည်ရှိသည့် တန်ဖိုး မဖြတ်နိုင်သည့် စာမူတစ်ခုကို ဓမ္မဒါနအဖြစ် ဤ "မိခင်ဧရာဝတီ" စာအုပ်တိုက်မှပင် ထူးထူးခြားခြား ဦးဦးဖျားဖျား လှူဒါန်းနိုင်ခွင့်ရခဲ့သည့်အတွက် များစွာ ဝမ်းသာကြည်နူးမိရပါသည်။ ဤသို့ သဒ္ဓါပီတိဖြင့်

ကြည့်ရှုခွင့်ရအောင် ကူညီပေးခဲ့ကြသော ရွှေကျင်ကျောင်းတိုက် ဆရာတော် အရှင်ခေမာစာရ မထေရ်မြတ်နှင့် သာသနပါလကအဖွဲ့အား လည်းကောင်း၊ ကူညီ၍ တည်းဖြတ် ဖတ်ရှုပေးခဲ့ကြသော ဆရာကြီး ဦးလေးမြိုင်အားလည်းကောင်း၊ မန္တေ ဦးဆောင်သည့် အယ်ဒီတာအဖွဲ့အား လည်းကောင်း၊ စာအုပ်ဖြစ်သည်အထိ အစအဆုံး အောက်ခြေသိမ်း ပါဝင် လုပ်အား ကူညီခဲ့ကြသော ဒေါ်ချယ်ရီသိန်း၊ ဒေါ်မိုးမြင့်စိုးတို့ ဦးဆောင်သည့် **Pan Sun Group Co., Ltd** ဝန်ထမ်းများ အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဓမ္မဒါန မှတ်တမ်း ပြုအပ်ပါသည်။

**ဒေါ်ရွှေဝါစိုးမိသားစု**
**မိခင်ရောဝတီစာအုပ်တိုက်**
**တိုက်အမှတ်(၄)၊ အခန်းအမှတ်(၄၀၂)**
**ကျိုတော်အိမ်ရာ**
**မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း–၅၀၁၄၃၁။**

**၁၃၆၀–ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၃)ရက်၊ ဗုဒ္ဓဟူးနေ့။**
**၁၉၉၈–ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်။**

## ကျမ်းဦးအစ (ဂန္ထာရမ္ဘ)

နမော တဿ ယတော မဟိမတော ယဿ တမော န

ယတောမဟိမတော–အကြင်ပါရမီတော်စွမ်းအာနုဘော်ကြောင့်(ဝါ)– စွန့်ခြင်းကြီးငါးဝ၊ စရိယသုံးဖြာ၊ ပဓာနတစ်တန်၊ မာရ်ကိုအောင်ခြင်း၊ ထိုးထွင်းသိလာ၊ ဝိဇ္ဇာဟုတွင်–အကြင်အရှိန်အစော်၊ အာနုဘော်အရပ်ရပ်ကြောင့်။ ယဿ–အကြင်ရှင်တော်မြတ်ဘုရားအား။ တမော–အမှောင်မောဟသည် (ဝါ)–မောဟာအရင်းရှိသော ကိလေသာတသင်းသည်။ န–မရှိပါပေ။ တဿ–ထိုရှင်တော်မြတ်ဘုရားအား။ နမော–ရိုသေဝပ်စင်း၊ ရှိခိုးခြင်းသည်။ အတ္ထု–ဖြစ်ပါစေသတည်း။

၁။ ပဏိဓာနမိ ပဌာယ–
ကတကိစ္စံ အသေသတော၊
နိဋ္ဌာပေတွာန သော သဗ္ဗံ–
ပရိနိဗ္ဗာယိ နာသဝေါ၊

## စေတီနှင့် ရှိသေမှု

အနာသဝေါ-အာသဝေါတရား၊ လေးပါးကင်းဘိ၊ အလျဉ်းရှိတော်မမူထသော။ သော-ထိုသတ္တဝါအများ၊ ရှေ့သွားဦးကင်၊ ရှင်တော်မြတ်ဘုရားသည်။ ပဏိဓာနမှီ-ဘုရားအဖြစ်၊ အားသစ်တောင့်တ၊ မြွက်ဆိုရာ အခါကာလ၌။ ဝါ-မှ။ ပဋ္ဌာယ-အစပြု၍။ သဗ္ဗံ-အလောင်းတော်ဘဝ၊ ဗုဒ္ဓအဖြစ်၊ ခေတ်အဆုံးကြို၊ အလုံးစုံသော၊ ကတကိစ္စံ-ပါရမီတော်ဖြည့်ရ၊ ဓမ္မတွေဟောမှု၊ ပြုရမည့်အရုံး၊ ကိစ္စ အမျိုးမျိုးကို။ အသေသတော- မကင်းအပြည့်၊ အကြွင်းမရှိသောအားဖြင့်၊ နိဋ္ဌာပေတွာန-အနည်းနည်းသုံး၊ ပြီးဆုံးစေပြီး၍။ ပရိနိဗ္ဗာယိ-အနုပါဒါပရိနိဗ္ဗာန်၊ ဝင်စံကိန်းပျော်၊ အငြိမ်းကြီး ငြိမ်းတော်မူရပါပေပြီ။

၂။ ဧဝံ နိဗ္ဗာယမာနဿ-
ကတကိစ္စဿ တာဒိနော၊
စိရာဂတာ မဟာကရုဏာ-
န နိဗ္ဗာယိတ္ထ ကိဋ္ဌိပိ။

ဧဝံ-ဤသို့။ နိဗ္ဗာယမာနဿ-ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော။ ကတကိစ္စဿ-ပြုအပ်ပြီးသည့်

ဗုဒ္ဓကိစ္စ ရှိတော်မူသော- ဝါ-ဗုဒ္ဓကိစ္စအားလုံး ပြုပြီးဖြစ်တော်မူသော။ တာဒိနော-ကောင်းမကောင်း နှစ်ဝ၊ ညီအမျှအတူ၊ ရှုတော်မူဘိ၊ တာဒိဂုဏ်ဆောင် ရှင်တော်မြတ်ဘုရား၏။ စိရာဂတာ-ကြာမြင့်စွာက ဖြစ်ပေါ်နေခဲ့သော၊ မဟာကရုဏာ ကြီးမြတ်လှစွာ မဟာကရုဏာတော်သည်။ ကိဉ္စိပိ-အနည်းငယ်မျှ သော်လည်း၊ ဝါ-ဘယ်အခါမျှ၊ န နိဗ္ဗာယိတ္ထ-မငြိမ်း စဲလတ် မရပ်ဆိုင်းခဲ့ပါပေ။

၃။ ယွာယံ ဓမ္မော စ ဝိနယော စ-
ဒေသိတော သာဓုကံ မယာ၊
မမစ္စယေန ဝေါ သတ္ထာ၊
ဓာတုစာပိ သရီရဇာ။

၄။ အပရာဇိတ ပလ္လင်္ကံ-
ဗောဓိရုက္ခဉ္စ ဥတ္တမံ၊
မမစ္စယေန သတ္ထာတိ-
အနုဇာနိ မဟာမုနိ။

မယာ-ငါဘုရားသည်။ ယွာယံ ယောအယံ ဓမ္မော စ-အကြင်သုတ္တန် အဘိဓမ္မာတရားတော်ကို

လည်းကောင်း။ ယောအယံ ဝိနယောစ-အကြင် ဝိနည်းတရားတော်ကိုလည်းကောင်း။ သာဓုကံ- ကောင်းစွာ၊ ဝါ- မှန်ကန်ကျနအောင်၊ ဒေသိတော- ဟောတော်မူအပ်ပြီ။ သောဓမ္မဝိနယောစ- ထိုသုတ် အဘိဓမ္မာဝိနည်းတရားတော်သည် လည်းကောင်း။။ သရီရဇာ-ကိုယ်တော်မှ ဖြစ်ပေါ်လာကုန်သော။။ ဓာတုစာပိ-ဓာတ်တော်တို့သည်လည်းကောင်း။။ မမ-ငါဘုရား၏။ အစ္စယေန-ပရိနိဗ္ဗာန် ဝင်စံကြွရာ၊ လွန်တော်မူသောအခါ၌။ ဝေါ-သင်ချစ်သားတို့၏။။ သတ္ထာ- သတ္ထုကိစ္စ၊ ရွက်ဆောင်ကြမည့်၊ လောက ရတနာ ဆရာများပင် ဖြစ်ပါပေ၏။

ဉတ္တမံ-မြင့်မြတ်လှစွာသော။ အပရာဇိတ ပလ္လင်္ကဉ္စ-အပရာဇိတခေါ် ပလ္လင်တော်မြတ်ကို လည်းကောင်း။ ဗောဓိရုက္ခဉ္စ-ဗောဓိတွင်ခေါ်၊ ညောင်ပင်တော်ကိုလည်းကောင်း။ မမ-ငါဘုရား၏။ အစ္စယေန-ပရိနိဗ္ဗာန်၊ ဝင်စံငြိမ်းကာ၊ လွန်တော် မူသောအခါ၌။ သတ္ထာ-အားထားဖွယ်ရာ၊ ရတနာအစားစား၊ ဘုရားတွေပင်တကား။ ဣတိ- ဤနည်း ဤပုံ၊ မဟာမုနိ၊ အတုမရှိ၊ မုနိထွတ်ဖျား၊

ဘုရားရှင်သည်၊ အနုဇာနိ–ခွင့်ပြုတော်မူခဲ့ပါပေပြီ။

၅။ မမ ဌာနေ ဌပေတွာန–
ခါတုံ ဗောဓိဥ္စ ပူဇိတုံ၊
အနုဇာနာမိ တုမှာကံ–
သာခနေတ္တံ သိဝဥ္စသံ။

မမဌာနေ–ငါ့ကိုယ်တော်စား၊ ငါဘုရား၏ အရာ၌။ ဌပေတွာန–လေးမြတ်အားရ၊ ထားကြကုန်၍။ ခါတုဥ္စ–မွေတော်အမြတ်၊ ခါတ်တော်အပေါင်းကိုလည်းကောင်း၊ ဗောဓိဥ္စ–ဗောဓိညောင်ရွှေ–ဗုဒ္ဓဗောဓိပင်မင်းကိုလည်းကောင်း၊ ပူဇိတုံ– ကိုယ်တော်စားမြော်၊ ပူဇော်ခြင်းငှာ။ တုမှာကံ–တပည့်အများသင်ချစ်သား ချစ်သမီးတို့အား။ သိဝဥ္စသံ–ဒုက္ခအေးချမ်း၊ နိဗ္ဗာန်လမ်းကို။ သာခနေတ္တံ–ခရီးရောက်ချေ၊ ပြီးမြောက်စေခြင်းငှာ။ အနုဇာနာမိ–အသင့်ရှုကာ၊ ခွင့်ပြုတော်မူပါပေသတည်း။

၆။ တသ္မာ ဟိ တသ သဒ္ဓမ္မံ–
ဥဂ္ဂဏှိတွာ ယထာတထံ၊

## စေတီနှင့် ရိုသေမှု

ယမှာယံ ဒေသေတိ သမ္ဗုဒ္ဓေါ-

နတွာန ပူဇယာမဟံ။

တသ္မာဟိ-တသ္မာဧဝ-ထိုသို့ ဘုရားရှင်က၊ ဆရာဘုရားအဖြစ် ခွင့်ပြုတော်မူခဲ့သည်၏ အဖြစ်ကြောင့်သာလျှင်။ အဟံ-အကျွန်ုပ်သည်၊ ယမှာယံ-ယောအယံ သမ္ဗုဒ္ဓေါ-အကြင်ရှင်တော်မြတ်ဘုရားသည်။ ဒေသေတိ- ကရုဏာရှေ့ထား ဟောကြားတော်မူ၏။ တဿ-သမ္ဗုဒ္ဓဿ-ဒေသကဿခင်၊ ထိုရှင်တော်မြတ်ဘုရား၏။ သဒ္ဓမ္မံ-ချီးမွမ်းအပ်သား၊ အမြတ်တရားကို။ ယထာတထံ-အမှားကင်းကွာ၊ ဟုတ်မှန်စွာ။ ဥဂ္ဂဏှိတွာ-သင်ယူ၍။ နတွာန-ဦးညွှတ်ရိုကျိုး ရှိခိုးကန်တော့လျက်။ ပူဇယာမိ-လေးမြတ်ကော်ရော်-ပူဇော်ရပါပေသတည်း။

၇။ တသ္မာ သာသပမတ္တမ္ပိ-

ဓိနဓာတုံ အသေသိယ၊

ဝိတ္ထိဏ္ဏံ စက္ကဝါဠမှိ-

နတွာန ပူဇယာမဟံ။

တသ္မာ-ထိုသို့ ဓာတ်တော်ဗောဓိ၊ ခွင့်ပြုခဲ့သည်၏ အဖြစ်ကြောင့်၊ အဟံ-အကျွန်ုပ်သည်။ သာသပ

မတ္တာမ္ပိ–မုန်ညင်းစေ့ငယ်၊ အရွယ်မျှရှိသည်လည်း ဖြစ်သော၊ ဓိနဓာတုံ–မြတ်ဘုရား၏၊ ထူးခြား မြင့်မြတ်၊ မွေတော်ဓာတ်ကို။ အသေသိယ–မချွင်း မချန်–မကြွင်းကျန်စေမူ၍။ စက္ကဝါဠမှိ–စကြဝဠာ၊ ကမ္ဘာလောကတစ်ခွင်၌။ ဝိတ္ထိဏ္ဏံ–နယ်အနှံ့ စီးကျယ် ပြန့်တည်နေသော။ ဓိနဓာတုံ–မြတ်ဘုရား၏၊ ထူးခြားမြင့်မြတ်၊ မွေတော်ဓာတ်အပေါင်းကို။ နတွာန– ဖူးအထွတ်ရည်၊ ဦးညွှတ်တည်၍။ ပူဇယာမိ–အနန္တဂုဏ်၊ အဖုံဖုံကို၊ အာရုံယူမျှော်၊ ပူဇော်ရပါတော့သတည်း။

၈။ ပရမ္မရာဘတာနံ ဟိ–
ဇယမဟာဗောဓိရုက္ခတော၊
သမ္ဘူတံ ဗောဓိရုက္ခာနံ–
နတွာန ပူဇယာမဟံ။

ဟိ–ပူဇော်ဖွယ်တစ်ရပ်၊ ညွှတ်တွားဖွယ် တစ်မှု မှာ။ အဟံ–အကျွန်ုပ်သည်။ ဇယမဟာဗောဓိ ရုက္ခတော– အောင်ပွဲဆင်ရာ၊ မဟာဗောဓိ၊ သီရိ ညွန့်ဝေ၊ ညောင်ဗုဒ္ဓေဟေမှ။ ပရမ္မရာဘတာနံ–

## စေတီနှင့် ရှိသေမှု

အဆင့်ဆင့်မပျက်၊ အဆက်ဆက်ဆောင်ယူ၊ ပူဇော်ထားအပ်ကုန်သော။ သဗ္ဗေသံ-ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော။ ဗောဓိရုက္ခာနံ-မြို့အလီလီ၊ ပြည်အသွယ်သွယ်၊ နယ်တကာရှိ၊ ဗောဓိတွင်ခေါ် အပင်တော်တို့ကို။ နတွာန-ဖူးအထွတ်မြင်၊ ဦးညွှတ်တင်လျက်။ ပူဇယာမိ-ဘုရားဂုဏ်တော်၊ ယူမျှော်မှန်းထင်၊ ပူဇော်ပန်း ဆင်ရပါတော့သတည်း။

၉-ယံ ယံ ပရိဘုဉ္စိဘဂဝါ-

ပတ္တစီဝရမာဒိကံ၊

သဗ္ဗံ ပရိဘောဂဓာတုံ တံ၊

နတွာန ပူဇယာမဟံ၊

ဘဂဝါ-ဘုန်းတော်ထူးချွန်၊ ဘဂဝန်ရှင်တော်မြတ်သည်။ ပတ္တစီဝရမာဒိကံ-သပိတ်တော်၊ သင်္ကန်းတော် အစရှိသော။ ယံ ယံ-ပရိဘောဂဓာတုံ၊ အကြင် အကြင် အသုံးအဆောင်၊ ပရိဘောဂဓာတ်ကို။ ပရိဘုဉ္စိ-အသုံးပြုတော်မူခဲ့လေပြီ။ အဟံ-အကျွန်ုပ်သည်။ သဗ္ဗံ-ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော။ တံ ပရိဘောဂဓာတုံ-ထိုအသုံးအဆောင်တော်မြတ်၊ ပရိဘောဂဓာတ်တော်ကို။ နတွာန-ဖူးအထွတ်မြင်၊

ဦးညွတ်တင်၍။ ပူဇယာမိ–ပံ့ဖော်ဂုဏ်ဖော်၊ ယူမျှော်တသ၊ ပူဇော်ရပါတော့သတည်း။

၁၀။ ယတ္ထ ကတ္ထစိ သယိတော–
အာသိနော စင်္ကမိပိဝါ၊
ပါဒလဥ္ဆနကံ ကတွာ–
ဠိတော နတွာန ပူဇယေ၊

(ဘာဂဝါ) ဘုန်းတော်ရှင် မြတ်ဘုရားသည်။ ယတ္ထကတ္ထစိ–အမှတ်မထင်၊ အကြင် တစ်စုံတစ်ခုသော အရပ်၌။ သယိတောဝါ–ကျိန်းမူလည်း ကျိန်းစက်တော်မူခဲ့၏။ အာသိနောဝါ–ထိုင်မူလည်း ထိုင်တော်မူခဲ့၏။ စင်္ကမိပိဝါ–စင်္ကြံကြွသော်လည်း ကြွတော်မူခဲ့၏။ (တတ္ထ တတ္ထ) ထိုထို ကျိန်းရာ၊ ထိုင်ရာ၊ စင်္ကြံကြွရာဌာန–မှန်သမျှ၌။ ပါဒလဥ္ဆနကံ–ခြေတော်ထက်နိုပ်၊ စက်တံဆိပ်ဖော်၊ ခြေရာတော်ကို။ ကတွာ–များမြင်စေမှု၊ ထုတ်ဖော်ပြု၍။ ဠိတော–စက်တော်ရာဖော်၊ တည်နေတော်မူခဲ့ပါပေ၏။ (တံ) ထိုထွက်ပေါ်မကွာ၊ စက်တော်ရာမှန်သမျှကို။

## စေတီနှင့် ရှိသေမှု

နတ္တာန–နှစ်သက်ခြင်းတိုး သဒ္ဓါဖြိုးလျက်၊ ရှိခိုး ကန်တော့ပြီးလျှင်။ ပူဇယေ–ပူဇယာမိ–အံ့ဖွယ်မျိုးဟု၊ မြတ်နိုးကော်ရော်၊ ပူဇော်ရပါသတည်း။

၁၁။ န သဒ္ဓာနန္တိ ယေ ဗုဒ္ဓံ–
ဝေရပေါတိ ဉာတဝေ၊
ကတဉ္ဇလိ ပဋိမံ သဗ္ဗံ–
နတ္တာန ပူဇယာမဟံ။

ယေ–အကြင်ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓံ–သက်တော် ထင်ရှား၊ မြတ်ဘုရားကို၊ နသဒ္ဓာနန္တိ–မမီလိုက်ဘိ၊ မသိကြလေကုန်။ (တေသံ)လက်ထက်တော်က၊ မြတ်ဗုဒ္ဓအသွင်၊ မမြင်ရဘိ၊ မသိသူတို့အတွက်။ ဝေရပေါတိ–ဘုရားသဏ္ဌာန်၊ ဤပုံဟန်ဟူ၍။ ဉာတဝေ–မှန်းဆဉာဏ်သွင်း၊ သိရှိခြင်းငှာ။ ကတံ–ပုံဖော်ညွှန်းမှု၊ သွန်းထုပြုစီရင်အပ်သော။ သဗ္ဗံတု ပဋိမံ–ဗုဒ္ဓသရုပ်ပြု၊ ရုပ်တုခပင်း၊ ဆင်းတုတော် မှန်သမျှကို။ အဟံ–အကျွန်ုပ်သည်။ နတ္တာန–ပုံတော် အတွင်း၊ ဂုဏ်ဖော်သွင်း၍၊ ဝပ်စင်းညွှတ်လျှိုး၊ ရှိခိုးကန်တော့လျက်။ ပူဇယာမိ–ဂုဏ်အဆူဆူ၊ ယူမျှော်မလျော့၊ ပူဇော်ကန်တော့ရပါတော့သတည်း။

၁၂။ ဧဝံ ဗုဒ္ဓဥ္စ ဓမ္မဉ္စ-

သံဃဉ္စာပိ အနုတ္တရံ၊

စက္ကဝါဠမှိ သဗ္ဗဟိ-

ဝတ္ထူဟိ ပူဇယာမဟံ။

ဧဝံ-ဤဆိုခဲ့ပြီးနည်းအရ။ အနုတ္တရံ-သာသူမြတ်သူ၊ အတုလည်းမရှိသော။ ဗုဒ္ဓဉ္စ-ရှင်တော်မြတ်ဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ-တရားတော်ကိုလည်းကောင်း၊ သံဃဉ္စာပိ-သံဃာတော်ကိုလည်းကောင်း၊ အဟံ-အကျွန်ုပ်သည်။ စက္ကဝါဠမှိ-စကြဝဠာ ကမ္ဘာလောကအတွင်း၌။ သဗ္ဗဟိ-ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော။ ဝတ္ထူဟိ- ပူဇော်ဖွယ် အစုစု၊ ဝတ္ထုအဖုံဖုံတို့ဖြင့်။ ပူဇယာမိ-ဂုဏ်အဆူဆူ၊ ယူမျှော်မလျှော့။ ပူဇော် ကန်တော့ရပါသတည်း။

ဤဆိုခဲ့ပြီးအလုံးစုံမှာ-ဓိနာလင်္ကာရဋီကာ ဗုဒ္ဓပူဇာဝဏ္ဏနာ-၃၆၇-မှ ဖြစ်ပါသည်။

ဝန္ဒနေယျေ ဝန္ဒိတွာန-

ကရိဿာမိ ယထာတတံ၊

## စေတီနှင့် ရိုသေမှု

စေတိယတ္ထသုဗောဓာယ-

စေတိယတ္ထသဿ ဒဿနတ္ထိ၊

အဟံ-ယထာဘူတ၊ အသိရဖို့၊ တောင့်တ မြော်မြင်၊ ဤအရှင်သည်။ ဝန္ဒနေယျေ-ဘုရားတရား၊ စေတီများဟု၊ ဝပ်တွားထိုက်ရိုး၊ ရှိခိုးအပ်သော ဝတ္ထုတို့ကို။ ဝန္ဒိတွာန-ဂုဏ်တော်တွေမြင်၊ ဉာဏ်အစဉ်ဖြင့်၊ ကြည်လင်မြတ်နိုး ရှိခိုးကန်တော့ပြီးလျှင်။ ယထာတထံ-သတိတမန်၊ အသိဉာဏ်ရ၊ အမှန်ကျအောင်။ စေတိယတ္ထသုဗောဓာယ- စေတီတို့ အကြောင်းအရာ၊ ကောင်းစွာသိခြင်းငှာ။ စေတိယတ္ထသဿ-စေတီတို့အကြောင်းအရာ အဖြာဖြာကို။ ဒဿနံ-ပေါင်းကာစုကာ၊ ပြဆိုရာအခန်းခန်း၊ စေတိယတ္ထဒဿန ကျမ်းကို။ ကရိဿာမိ-အမှန်တရား၊ သိစေသားဟု၊ ရှုတီထွင်ကာ၊ ပြု စီရင်ပါတော့အံ့ ။ ဣတိ-ဤကား၊ ကျမ်းဦးအစ၊ ဂန္ထာရမ္ဘတည်း။

# စေတီနှင့် ရိုသေမှု

## အချီး

ရွှေတိဂုံစေတီတော် အောက်ခံကို အချို့သော ဂေါပကလူကြီးများက ပလ္လင်ဟုယူဆကာ ထိုခုံထက် တက်ရောက်ဝတ်မပြုသင့် အဂါရဝဖြစ်သည်ဟု ယူဆကြောင်း ဩဝါဒါစရိယ ဆရာတော်များထံ လျှောက်ထားခဲ့ကြသည်။

ဘုရားမြတ်ကိုယ်တော်စားဖြစ်သော စေတီတော် မြတ်၌ ရိုသေလေးစား မြတ်နိုးသော စိတ်ထား အရ ယူဆသော အယူအဆဖြစ်ရာ ကောင်းပါပေ၏။ စေတီတော်ဆိုသည်မှာ ရိုသေလေကောင်းလေ ဖြစ်ပါ ပေ၏။ သို့သော်လည်း မိမိက ဂါရဝအဖြစ် ပြုကျင့် သောအကျင့်ကို သူတစ်ပါးက မလိုက်နာ မပြုကျင့် တိုင်း သူ့မှာ အဂါရဝဖြစ်သည်၊ အကုသိုလ်ဖြစ်သည် ဟုတော့ တထစ်ချ မသတ်မှတ်သင့်သေး။ ဥပမာ အိမ်အောက်မှာ ဘုရားရှိ၍ မိမိက အိမ်ပေါ်မတက်၊ သူတစ်ပါးတို့ ထိုသို့ မပြုကျင့်သည်ကို အဂါရဝ

ဖြစ်သည်ဟု မဆိုသင့်သေး။ အိမ်ပေါ်မှာ ဘုရား ထားသော်လည်း ထိုဘုရားအပေါ် မိမိပြုမူမှုနှင့်စပ်၍ အဂါရဝဖြစ်နိုင်သော အရာများစွာ ရှိပါသေး၏။ အခြေအနေအရ အကျိုးအပြစ်ကို စိစစ်နိုင်ဖို့ လိုပါ သည်။ သို့ဖြစ်၍ ဂေါပကလူကြီးများ၏လျှောက်ထား ချက် ဖြေရှင်းရမည်ဖြစ်သောအခါ၌ စေတီတော်နှင့် စပ်သောအရာဖြစ်နေ၍ ရှေးဦးစွာ စေတီ(စေတိယ) နှင့် စပ်သော အနက်အဓိပ္ပာယ်အမျိုးအစား အကျိုး သွားများကို ပြရပါတော့မည်။

ဤသို့ စေတီနှင့် စပ်လျဉ်းသော မှတ်သား ဖွယ်ရာများသိရသဖြင့် စေတီများအပေါ် ကြည်ညိုမှု တိုး မြတ်နိုးမှုများစွာ ဖြစ်လာမည်ဖြစ်ရာ "ဆိုသင့်၍ ဆိုခြင်းသာတကား"ဟု ယောနိသောမနသိကာရထား ရှုစားစေလိုပါ၏။

## စေတိယ(စေတီ)၏ အနက်များ

စေတီများကို မပြမီ ရှေးဦးစွာ စေတီ၏အနက်ကို ပြရပါမည်။ "စယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ " အလေးအမြတ်ပြုအပ်၊ အရိုအသေ

ပြုအပ်သောကြောင့် စေတိယ(စေတီ)မည်၏။ ပူဇော်ထိုက်သောအရာဟု ဆိုလို၏။

(ခုဒ္ဒကပါဌ-ဌ)၁၈၈

ဤအဋ္ဌကထာအရ အလေးအမြတ် ပြုထိုက်သော ဝတ္ထုကို "စေတီ" ဆိုသည်ဟု သိနိုင်၏။ ထိုစေတိယက ဟောသောအနက်များမှာ–

"ဒေဝါလယေစ ... ပသ္မိံ
စေတိယံ စေတိယဒ္ဒုမေ "

(စေတိယသဒ္ဒါသည် နတ်ကွန်း၊ ပုထိုး၊ စေတီ၊ လူတို့ပူဇော်ရာ သစ်ပင်၌ဖြစ်၏)ဟု အဘိဓာနပ္ပဒီပိကာ ၉၆၅-ဂါထာ၌ ဆို၏။

စေတျ မာဃတနေ ဗုဒ္ဓ ဗိမ္ဗေနောဒ္ဒေသ ပါဒပေ--

စေတီ(စေတိယ)သဒ္ဒါ ဘုရားစသည်ကို ရှိခိုးရာ ဘုရားကျောင်း၊ ဘုရားဆင်းတု၊ နတ်ကိုရည်ညွှန်း ပူဇော်အပ်သော သစ်ပင်၌ ဖြစ်ပေ၏။ မေဒိနီကောသ အဆို။

ထိုမှတစ်ပါး ထောမနိဓိ၌ "စေတိယသဒ္ဒါ ရွာစသည်၌ ထင်ရှားသောသစ်ပင်ကြီး၊ နတ်နေရာ

ဖြစ်သောသစ်ပင်၊ လူတို့စည်းဝေးရာသစ်ပင်၊ ဘုရားအထူးရှိခိုးရာ ဘုရားကျောင်း၊ သူသေကို မီးရှို့ရာ၌ ပြုအပ်သောအမှတ်အသား၊ လူတို့၏ အစည်းအဝေး၊ ယဇ်ပူဇော်ရာအရပ်၊ လူတို့၏ အပန်းဖြေ နားနေရာအရပ်၊ နတ်တို့၏နေရာ နတ်ကွန်း ဤအနက်များကို ဟောကြောင်း ဆိုခဲ့သည်။

## ပူဇော်ရာမှန်သမျှ စေတီ

ဆိုခဲ့ပြီးသော အနက်များအရ ပူဇော်ထိုက်၊ အလေးအမြတ် ပြုထိုက်သော အရာဝတ္ထုတို့ကို စေတီဟု ဆိုရသည်ဖြစ်ရာ စေတီဆိုသည်မှာ သာသနာဆိုင်ရာ အထွတ်အမြတ်ထား ကိုးစားရာ သာမက လောကလူအများ လေးစားရာ အရာဝတ္ထု များကိုလည်း "စေတိယ"ပင် ဆိုခဲ့သည်ကို ကျမ်းဂန် များ၌ တွေ့ရ၏။

"အထခေါ အယသ္မာ ဆန္နော ဝိဟာရဝတ္ထုံ
သောဓေန္တော အညတရံ စေတိယရုက္ခံ

ဆေဒါပေသိ ဂါမပူဇိတံ နိဂမပူဇိတံ ရဋ္ဌ
ပူဇိတံ" ဝိ ၁-၂၃၇

ဤပါဠိ၌ လူအများပူဇော်ရာ စေတိယရက္ခကို အရှင်ဆန္နဖြတ်သည်ဟု လာခဲ့ရာ ထိုစေတိယရက္ခကို အဋ္ဌကထာက အောက်ပါအတိုင်း ဖွင့်ပြခဲ့၏။

"စေတိယရုက္ခန္တိ စိတ္တီကတဋ္ဌေန စေတိယံ၊ ပူဇာရဟာနံ ဒေဝဋ္ဌာနာနမေတံ အဓိဝစနံ၊စေတိယန္တိ၊ သမ္မတံ ရုက္ခံ စေတိယရုက္ခံ"ဆိုသော ဤပါဠိ၌ အရိုအသေ အလေးအမြတ် ပြုအပ်သော အနက်သဘောကြောင့် စေတိယမည်၏။ ဤစေတိယရုက္ခ ဆိုသောအမည်သည် ပူဇော်ထိုက်ကုန်သော နတ်များ တည်ရာ အရပ်ဌာနတို့၏ အမည်ပင်ဖြစ်ပေ၏။ စေတီဟု သမုတ်အပ်သော(အသိအမှတ်ပြုအပ်သော) သစ်ပင်၊ ဤကား သစ်ပင်ကို စေတိယဆိုသော အရာတည်း။

**အရာမ်တောသစ်ပင်တို့ကို စေတိယခေါ်ပုံ**

တထာ ရူပါသု ရတ္တိသု ယာနိတာနိ
အာရာမစေတိယာနိ ဝနစေတိယာနိ

ရုက္ခစေတိယာနိ ဘိ သနကာနိ သလောမ
ဟံသာနိ။ မ-၁-၂၅

၌ အရာမ် ဥယျာဉ် တော သစ်ပင်တို့ကို စေတိယဟု
ဆို၏။ စေတိယဆိုရကြောင်းကိုလည်း "လောကိယာ
ဟဒိဗ္ဗာမိ ဝတ္တာတိ မညမာနာ တေသုယေဝဝါ ဒိဗ္ဗ
ညိနော အာရာမ ဝနရုက္ခေ စိတ္တိ ကရောန္တိ ပူဇေန္တိ၊
တေန တေသဗ္ဗေပိ စေတိ ယာနိတိ ဝုစ္စန္တိ"
မ-၄-၁-၁၂၃

ဟု ဖွင့်ဆိုအပ်၏။ မှန်၏။ လောကလူအများက
ထိုထို အရာမ် ဥယျာဉ် တော သစ်ပင်တို့၌ နတ်များ
စိုးအုပ် စံနေကြသည် ထင်မှတ်ကြကုန်လျက်၊
သို့မဟုတ် ထိုအရာမ်တောသစ်ပင်တို့၌ပင် နတ်ထင်
ကြကုန်သည်ဖြစ်၍ အရာမ် ဥယျာဉ် သစ်ပင်တို့ကို
အလေးပြုကြ ပူဇော်ကြကုန်၏။ ထို့ကြောင့်
ထိုအရာမ် တောသစ်ပင် အားလုံးတို့ကို စေတိယဟု
ဆိုအပ်ကုန်၏။

## နတ်ကွန်းစသည် စေတီမည်ပုံ

ရမဏီယာ အာနန္ဒ ဝေသာလီ ရမဏီယံ ဥဒေန စေတိယံ ရမဏီယံ ဂေါတမက စေတိယံ စသည်လာသော ဒီ-၂-၇၆ ၌ ဥဒေန ဂေါတမက စသော နတ်ဘီလူးတို့၏ နတ်ကွန်းနေရာ စသည်တို့ကို ဥဒေနနတ်ကွန်း၊ ဂေါတမကနတ်ကွန်းခေါ်၍ နောင်အခါ ထိုနတ်ကွန်းများနေရာ၌ ဆောက်အပ်သော ကျောင်းများသည်လည်း ဥဒေနစေတီ၊ ဂေါတမကစေတီ စသည်ဖြင့် ရှေးအမည်အတိုင်း တွင်နေကြောင်း "ဥဒေန စေတိယန္တိ ဥဒေန ယက္ခဿ စေတိယ ဌာနေ ကတဝိဟာရော ဝုစ္စတိ၊ ဂေါတမကာဒီသုပိ ဧသေဝ နယော"ဟု ဒီ-ဋ-၂-၁၄၄ ၌ ဆိုအပ်၏။

မကုဋ ဗန္ဓနံနာမ မလ္လာနံစေတိယံ ဟု မဟာပရိနိဗ္ဗာနသုတ် ၂၂၈ ၌လာရာ မလ္လာမင်းတို့၏ စေတီ မကုဋ ဗန္ဓန ဆိုသည်မှာ-

"ပသာဓနမင်္ဂလ သာလာယနာမံ" အဘိသိက် သွန်းရာအခါဝယ် တန်ဆာဆင်ရာ မင်္ဂလာရှိသော

အိမ်တော်အမည်ဖြစ်ကြောင်းနှင့် "ဧသော ပနစိတ္တိ ကတင္ဌေန စေတိယန္တိ ဝုစ္စတိ" အလေးအမြတ်ပြုအပ်သော အနက်သဘောကြောင့် ဤမင်္ဂလာအိမ်တော်ကို စေတီယဟုဆိုကြောင်း ဖွင့်ခဲ့ပါသေးသည်။

အာဋ္ဌဝိယံ ဝိဟာရတိ အဂ္ဂါဠဝေ စေတိယေဠ္ဌ လည်း ဘုရားမပွင့်မီက အဂ္ဂါဠဝ ဂေါတမစသော ဘီလူး၊ နဂါးစသည်တို့၏ ဗိမာန်များသည် စေတီ(ပူဇော်အပ်သောဝတ္ထု)များ ဖြစ်ကြောင်း၊ ဘုရားပွင့်တော်မူမှ ထိုဗိမာန်များ ပယ်ရှား၍ လူတို့က ကျောင်းဆောက်ကြကြောင်း အဋ္ဌကထာ ဖွင့်ခဲ့ပါသည်။ သံ-၄-၁-၂၄၆။

ဆိုခဲ့ပြီးသော အဋ္ဌကထာများ၌ ရှေးက နတ်ဌာနနတ်စေတီတို့ကို ဖျက်ပြီး ဘုရားကျောင်းတော်ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း ဆိုခဲ့သဖြင့် နတ်များက မိမိတို့ကို တကယ့်ကောင်းကျိုး ပေးနိုင်သည်မဟုတ်၊ တကယ့်ကောင်းကျိုး ပေးနိုင်သည်မှာ ဘုရားရှင်သာဟု အသိဉာဏ်ရောက်ကာ လွန်စွာအားထားခဲ့ကြောင်း သိနိုင်ပါ၏။

ရှေးက စေတီနတ်ကွန်းတွေ ဖယ်ရှားပြီး ဘုရားကျောင်းတွေ ဆောက်ကြသည့်အကြောင်း သိရသောအခါ ဘယ်ဆရာကြီး ဘယ်နတ်မင်း ဆိုသည့် ကိုးကွယ်ရာအထူးတွေ အိမ်ဦးအိမ်ဖျား ဘုရားနှင့် အတူ ယှဉ်ထားပြီး ကိုးကွယ်ကြသော ယခုခေတ် လူအချို့နှင့် မတူပါတကား။ ဘုရား တရား သိမြင်သည့်အရာ၌ အမြင်ချင်း မတူကြသော ကြောင့်ပေ၊ ဘုရားအဆိုအမိန့်တော်ကို ရှုပါဦး။

လူတို့သည် ဘေးကိုကြောက်ကြကုန်၍ တောင် တွေ တောတွေ အရာမ်သစ်ပင်စေတီတွေ များပြား သော ပူဇော်ဖွယ်တို့ကို ကိုးကွယ်ရာဟု ဆည်းကပ် ကြကုန်၏။ ဤတောင်တောစသည် စေတီများကား ဘေးကင်းသော၊ မွန်မြတ်သော ကိုးကွယ်ရာမဟုတ်။ ဘုရား တရား သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ် ရာဟု ဆည်းကပ်လျက် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ သစ္စာလေးပါး တရားသိခြင်းသာ ဘေးကင်း သောကိုးကွယ်ရာ၊ မြတ်သောကိုးကွယ်ရာဖြစ်၏။ ဤကိုးကွယ်ရာကို ကိုးကွယ်ခြင်း အကြောင်းပြု၍ ဒုက္ခခပ်သိမ်းမှ လွတ်မြောက်ရ၏။ (ဓမ္မပဒ)

## တကယ့်စေတီများမှာ

စေတီယ အနက်များကိုလည်းကောင်း၊ တကယ် ကိုးကွယ်ထိုက်သောဂုဏ် မရှိစေကာ လူတို့၏ ကိုးကွယ်ရာ ပူဇော်ရာဟု အသိအမှတ်ပြုချက်အရ စေတီယခေါ်ရသော စေတီများကိုလည်းကောင်း ပြခဲ့ပါပြီ။ ယခု ပူဇော်ထိုက်သည်ဟု အနက်ရသော၊ အနက်ရသည့်အတိုင်း တကယ်ပူဇော်ထိုက်သော၊ ဂုဏ်ရှိသော စေတီယများကို ပြပါဦးမည်။

ဗုဒ္ဓရှင်တော်မြတ်၏ သတ္တဝါများအပေါ် ထားရှိခဲ့သော ကရုဏာတော်ကား လူသာမန်တို့ လိုက်မမီနိုင်အောင် မြင့်မားကြီးမားလှသော ကရုဏာတော်ဖြစ်ရာ "မဟာကရုဏာ"ဟု ဂုဏ်ပြုခဲ့ရ၏။ ထိုကရုဏာတော်ကြီး၏ အရှိန်အဝါအရ မနေမနားကြိုးစားတော်မူခဲ့သောကြောင့် များစွာသော လူ၊ နတ်၊ ဗြဟ္မာတို့ ချမ်းသာခဲ့ကြရ၏။ ထိုမဟာကရုဏာ အရှိန်အဝါမှဖြစ်လာရသော အကျိုးတရားများကား ယနေ့တိုင် ထင်ရှားလျက် ရှိနေပါ၏။ သတ္တဝါများ ထိုအကျိုးကိုခံစားလျက်ရှိရာ ထိုမဟာ

ကရဏာ အရှိန်အဝါကား ယနေ့တိုင် မငြိမ်းမစဲ ဖြစ်မြဲဖြစ်လျက်သာ၊ မဟာကရဏာတော်နှင့်အတူ ထင်ပေါ်လျက်ရှိသော သဗ္ဗညုတာခေါ် ပညာတော်ကြီး၏ အရှိန်အဝါကလည်း ထိုနည်းပင် မငြိမ်းမစဲ ဖြစ်နေမြဲသာ။

## မဟာကရဏာဖြစ်မြဲသာ

ဇဝံ နိဗ္ဗာယမာနဿ-
ကတကိစ္စဿ တာဒိနော၊
စိရာဂတာ မဟာကရဏာ-
နနိဗ္ဗာယိတ္ထ ကိဉ္စိပိ။
(ဇိနာလင်္ကာရ)

ဇဝံ-ဤသို့၊ နိဗ္ဗာယမာနဿ- ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော၊ ကတကိစ္စဿ- ပြုအပ်ပြီးသည့်ဗုဒ္ဓကိစ္စရှိတော်မူသော -ဝါ-ဗုဒ္ဓကိစ္စအားလုံး ပြုပြီးဖြစ်တော်မူသော၊ တာဒိနော- ကောင်းမကောင်းနှစ်ဝညီအမျှအတူ ရှုတော်မူဘိ တာဒိ ဂုဏ်ဆင် ရှင်တော်မြတ်ဘုရား၏၊ စိရာဂတာ-ကြာမြင့်စွာက ဖြစ်ပေါ်နေခဲ့သော၊ မဟာကရဏာ ကြီးမြတ်လှစွာ မဟာ

ကရဏာတော်သည်၊ ကိစ္စပိ–အနည်းငယ်မျှသော် လည်း၊ ဝါ– ဘယ်အခါမျှ၊ နနိဗ္ဗာယိတ္တ– မငြိမ်း စဲလတ် မရပ်ဆိုင်းခဲ့ပါပေ။

## ဘယ်သို့မငြိမ်းစဲပါသနည်း

မဟာကရဏာတော်ကြီး မငြိမ်းမစဲဟုဆိုဇါ၊ ဘယ်သို့ မငြိမ်းမစဲဖြစ်နေပါသနည်း။

(က) ယွာယံ ခမ္မောစ ဝိနယောစ
ဒေသိတော သာခုကံ မယာ၊
မမစ္စယေန ဝေါသတ္ထာ
ဓာတုစာပိ သရီရဇာ၊

(ခ) အပရာဇိတ ပလ္လင်္ကံ
ဗောဓိရက္ခဥ္စ ဥတ္တမံ၊
မမစ္စယေန သတ္ထာတိ
အနုဇာနိ မဟာမုနိ။ (ဇိနာလင်္ကာရ)

မယာ–ငါဘုရ:းသည်၊ ယွယံ ယောအယံ ခမ္မောစ–အကြင်သုတ္တန် အဘိခမ္မာ တရားတော် ကို လည်းကောင်း၊ ယောအယံ ဝိနယောစ–အကြင် ဝိနည်းတရားတော်ကိုလည်းကောင်း၊ သာခုကံ–

ကောင်းစွာ–ဝါ–မှန်ကန်ကျနအောင် ဒေသိတော–ဟောတော်မူအပ်ပြီ။ သောခမ္မဝိနယောစ–ထိုသုတ်အဘိဓမ္မာ ဝိနည်းတရားတော်သည်လည်းကောင်း၊ သရီရဇာ–ကိုယ်တော်မှ ဖြစ်ပေါ်လာကုန်သော၊ ဓါတူစာပိ–ဓာတ်တော်တို့သည်လည်းကောင်း၊ မမ–ငါဘုရား၏၊ အစ္စယေန–ပရိနိဗ္ဗာန် ဝင်စံကြွရာ၊ လွန်တော်မူသောအခါ၌၊ ဝေါ–သင်ချစ်သားတို့၏၊ သတ္ထာ–သတ္ထုကိစ္စ၊ ရွက်ဆောင်ကြမည့်၊ လောကရတနာ ဆရာများပင် ဖြစ်ပါပေ၏။

ဥတ္တမံ–မြင့်မြတ်လှစွာသော၊ အပရာဇိတပလ္လင်္ကဥ္စ–အပရာဇိတခေါ် ပလ္လင်တော်မြတ်ကိုလည်းကောင်း၊ ဗောဓိရုက္ခဥ္စ–ဗောဓိတွင်ခေါ်၊ ညောင်ပင်တော်ကို လည်းကောင်း၊ မမ–ငါဘုရား၏ အစ္စယေန ပရိနိဗ္ဗာန်၊ ဝင်စံငြိမ်းကာ၊ လွန်တော်မူသောအခါ၌၊ သတ္ထာ–အားထားဖွယ်ရာ၊ ရတနာအစားစား၊ ဘုရားတွေပင်တကား။ ဣတိ– ဤနည်းဤပုံ၊ မဟာမုနိ၊ အတုမရှိ၊ မုနိထွတ်ဖျား၊ ဘုရားရှင်သည်၊ အနုဇာနီ–ခွင့်ပြုတော်မူခဲ့ပါပေပြီ။

## တရားတော်ကို ဆရာအဖြစ်ခွင့်ပြုပုံ

ဓမ္မဝိနယသည် သင်တို့ဆရာ ဘုရားပင်ဟု ခွင့်ပြုတော်မူသည်ဟူသော စကားမှာတော့ အများ အသိ ပါဠိဒေသနာ အထင်အရှားပင်ဖြစ်ပါ၏။ မဟာပရိနိဗ္ဗာနသုတ်တော်လာ "ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"ဟူသော ဘုရားအမိန့်တော်တည်း။ အာနန္ဒာ သုတ္တန် အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကိုလည်းကောင်း ငါဘုရား ဟောကြား ပညတ်အပ်ပြီ။ ထိုသုတ် ဝိနည်း အဘိဓမ္မာသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူရာ နောက်အခါ၌ သင်တို့ဆရာ ဖြစ်လိမ့်မည်။

## ဗုဒ္ဓါနုဿတိ ပွားကြည့်စို့

ယခုအခါ ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မဝိနယတို့၏ အသင်အပြခံယူရသော မိမိတို့သည် တရားတော်များကို မိမိဆရာအဖြစ်ဖြင့် အလေးအနက် ခံယူလျက်ရှိကြပါသည်။ ဤမျှများပြား၊ ဤမျှထူးခြားသော

အနက်အရသာ သဒ္ဒါသြဇခံစားရသော ဗုဒ္ဓ သာဝကတို့အဖို့ အဘယ်မှာ ဤဒေသနာတို့ကို သတ္တာအဖြစ် မခံယူဘဲရှိပါအံ့နည်း။ ဤမျှ များပြားသော တရားဒေသနာတို့ကို ဘယ်ဆရာ တစ်ဦး တစ်ယောက်ကများ ဟောကြားပါသနည်း။ မရှိပါ ပေ။ များရုံသာလော၊ မဟုတ်ပါပေ။ နက်နဲခက်ခဲ လှခြင်း၊ နက်နဲခက်ခဲလှသော်လည်း တကယ် တတ်သိနားလည်သောဆရာနှင့် သင်ယူရလျှင် အတ္ထ ရသ သဒ္ဒရသ အပြည့်အဝခံစားရခြင်း အသိမျှနှင့် အားမရဘဲ ညွှန်ပြတိုင်းကျင့်လျှင် တကယ်ထူးခြား သော အမြင်ပေါက်၍ တကယ် ပဋိပတ်အရသာ၊ ပဋိဝေဓအရသာ သာယာဖွယ်တွေ ခံစားရခြင်းများ ဖြင့် ဘုရားရှင်၏ အံ့ချီးမကုန်လောက်သော သဗ္ဗ ညုတာခေါ် ဉာဏ်တော်ကြီးကို မှန်းဆနိုင်ပါ၏။ ဤမျှ များပြားအောင် မနေမနား ဟောကြားတော် မူခဲ့ပုံ စဉ်းစားမိပြန်သောအခါ သတ္တဝါများအပေါ်မှာ ထားခဲ့သော မဟာကရုဏာတော်ကြီးကလည်း အထင်အရှား အမြင်သားဆိုသလို ပေါ်လာရပြန် တော့၏။ ထို့ကြောင့် ဘုရားရှင်၏ မဟာကရုဏာ

တော်ကြီးမှာ ယနေ့တိုင် အနည်းငယ်မျှ မငြိမ်းခဲ့သေး ပါဆိုသော ဓိနာလင်္ကာရ ဆရာ့စကားမှာ သာဓုခေါ် ဖွယ်ပါတကား။ ဤစကားကို အပြည့်အဝထောက်ခံ လျက်ရှိသော အောက်ပါရတနသုတ္တန်လာ ဒေသနာ ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားကြည့်ကြပါဦးစို့။

ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဂိမှာနံ၊ နွေလေးလတို့တွင်။ ပဌမသ္မိံဂိမှေ၊ ရှေးဦးအစ နွေကာလဖြစ်သော။ မာသေ၊ အလှ ထူးလာ လတန်ခူးအခါ၌။ ဖုဿိတဂ္ဂေ၊ ရနံ့ထုံကာ အငုံအာလျက် ချပ်လွှာကြွားအိ ပင်လုံးကျွတ် ပွင့်သောအဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ၊ အသွင်လှလျက်၊ မြင်ရရှုမငြီး တောအုပ်ကြီးသည်။ (သသီရိကော) ယထာ၊ ရနံ့သင်းသင်း အဆင်းအိအိ တင့်တယ်

သော အသရေရှိသကဲ့သို့။ တထူပမံ၊ ထိုတော့အုပ်ဝေဆာ အသရေဖြာဟု ရှုစရာအတိ ဥပမာရှိပေထသော။ နိဗ္ဗာနဂါမိ၊ သန္တိဓာတ်မှန် အေးနိဗ္ဗာန်သို့ရောက်ရန်ကောင်းလှစ် အကြောင်းဖြစ်သော။ ဓမ္မဝရံ၊ အနက်သာယာ သဒ္ဒါလှပ ထူးလှဝေဆာ ဒေသနာပိဋကတ် တရားတော်မြတ်ကို။ ပရမံ ဟိတာယ၊ ငြိမ်းချမ်းဖို့ရန် နိဗ္ဗာန်ဓာတ်သုံး အမြတ်ဆုံး အကျိုးစီးပွား အလို့ငှာ။ အဒေသယိ၊ သဗ္ဗညုတာဉာဏ်မဟာနှင့် ကရုဏာနှလုံး သုံးကာ သုံးကာ ဟောကြားတော်မူခဲ့ပါပေပြီ။ ဗုဒ္ဓေ–အနုတ္တရ ဗုဒ္ဓဟုတွင်ရှင်တော်မြတ်ဘုရား၌၊ ဣဒမ္ပိရတနံ၊ ဤရတနာဖြစ်ကြောင်း ဂုဏ်တော်အပေါင်းသည်လည်း။ ပဏီတံ၊ အာရုံယူ၍ အောက်မေ့ပါလည်း မရောင့်ရဲစေ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန၊ နှုတ်ဝစီမှ ပီသဖြစ်လာ ဤမှန်သစ္စာကြောင့်။ (တုမှာကံ) တို့ဘုရားသာ အားထားရာရှိ အသိကောင်းကောင်းတပည့်အပေါင်းတို့အား။ သုဝတ္ထိ၊ ဘေးဒဏ်ရန်စွယ် အန္တရာယ်မထိ ကောင်းသိဒ္ဓိဖြင့် ဣဒ္ဓိလွှမ်းကာ ဝမ်းသာမကင်း ချမ်းသာခြင်းသည်။ ဟောတု–

လိုတိုင်းလည်းရ တတိုင်းပြည့်လေ ဖြစ်ပါစေ သတည်း။

## ပလ္လင်ဗောဓိဓာတုတို့၏ သတ္တုအဖြစ်

အပရာဇိတပလ္လင် ဗောဓိပင် ဓာတ်တော်မွေတော်တို့ကို သင်တို့ သတ္တာဟု ခွင့်ပြုတော်မူသည်ဆိုရာ၌ ဘယ်အခါ ဘယ်နေရာ၌ ခွင့်ပြုတော်မူပါသနည်း။

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူသောအခါ သာဝတ္ထိ ပြည်သူပြည်သားတို့ တရားနာ ဘုရားဖူး လာကြရာ ဘုရားရှင်မတွေ့ရ၍ ခါတိုင်းလိုဝမ်းမသာ၊ ပန်းနံ့သာတို့ကို ဂန္ဓကုဋီတိုက်တံခါးဝမှာ ပစ်ချသွားကြ၏။ ဤအကြောင်းကိုသိသော အနာထပိဏ် သူဌေးကြီးက ဘုရားရှင် မရှိသောအခါ ပူဇော်ရာဌာန တစ်ခု ရှိဖို့လို၍ ဘုရားရှင်အား လျှောက်ထားပေးဖို့ရာ အရှင်အာနန္ဒာအား လျှောက်ထားခဲ့၏။ အရှင်အာနန္ဒာလည်း ဘုရားရှင်အား လျှောက်ထားခဲ့လေသည်။

"မြတ်စွာဘုရား စေတီဘယ်နှမျိုးရှိပါသလဲ။"

"သုံးမျိုးရှိတယ် အာနန္ဒာ။"

"သုံးပါးက ဘယ်စေတီများပါလဲဘုရား။"

"သာရီရိက (ဓာတ်တော်)၊ ပရိဘောဂ (အသုံးအဆောင်)၊ ဥဒ္ဒိဿ (စိတ်ဖြင့် ရည်မှန်းအပ်သောအရာ) စေတီများဖြစ်တယ်။"

"ရှင်တော်ဘုရားတို့ သက်တော်ထင်ရှားရှိတုန်း စေတီပြုလုပ်နိုင်ပါသလား။"

"သာရီရိကစေတီက ဘုရားရှင်များ ပရိနိဗ္ဗာန်စံမှ ဖြစ်ပေါ်နိုင်တယ်၊ ဥဒ္ဒိဿ စေတီက အထည်ဝတ္ထုမရှိ၊ မြတ်နိုးရုံမျှဖြစ်တယ်(ဤစေတီအကြောင်းနောက်မှ ရှင်းပြပါလိမ့်မည်)"

"ဘုရားရှင်များ အသုံးပြုတော်မူခဲ့သော မဟာဗောဓိပင်က ဘုရားများ ထင်ရှားရှိသော်လည်း စေတီပင် ဖြစ်တယ်။"

"မြတ်စွာဘုရား၊ ရှင်တော်ဘုရားများ တခြားကြွတော်မူတဲ့အခါ ဇေတဝန်ကျောင်းတော်မှာ ကိုးကွယ်ရာ မရှိသကဲ့သို့ ဖြစ်နေပါတယ်၊ လူအများပူဇော်ရာဌာနမရှိပါ၊ မဟာဗောဓိပင်မှ မျိုးစေ့ဆောင်ယူကာ ဇေတဝန် ကျောင်းတော်တံခါးဝမှာ စိုက်ပါမည် ဘုရား။"

"ကောင်းပြီ၊ စိုက်ပေတော့ အာနန္ဒာ၊ ဤသို့ စိုက်ထားလျှင် ဇေတဝန်ကျောင်းတော်၌ ငါဘုရား အမြဲသီတင်းသုံးနေသလိုပင် ဖြစ်ပေလိမ့်မယ်။"

ဤခွင့်ပြုတော်မူချက်အရ ဓာတ်တော်၊ မွေတော် ဗောဓိပင် ပလ္လင်တော်တို့၏ သတ္တု(ဆရာ ဘုရား) အဖြစ် ပြီးခဲ့ပါသည်။

## ခွင့်ပြုချက်ပင်

အသက်ရှည်သော ဘုရားရှင်တို့၏ သရီရ ဓာတ်တော်သည် ရွှေတုံးကြီးနှင့်တူစွာ တစ်ခုတည်း သာ ဖြစ်၏။ ရှင်တော်မြတ်ဘုရားကား "ငါကား ကြာကြာမတည်ဘဲ ပရိနိဗ္ဗာန်စံရလိမ့်မည်၊ ငါ့ သာသနာကလည်း ရပ်တကာ နယ်တကာဝယ် ကျယ်ကျယ်ပြန့်ပြန့် မန့်သေး။ သို့ဖြစ်၍ ပရိနိဗ္ဗာန် စံပြီးသော်လည်း မုန်ညင်းစေ့လောက် ဓာတ်တော်မျှ ကိုပင် ယူ၍ မိမိအရပ်၌ စေတီတည်ထား ပြုကြ သော် လူအများ နတ်ပြည်ရောက်ကြလိမ့်မည်" ဟု ဓာတ်တော်တွေ ပြန့်ကြဲဖို့ရာ အဓိဋ္ဌာန် ပြုတော် မူခဲ့၏။

ဤသည်လည်း ဓာတုစေတီအတွက် ခွင့်ပြုချက် တစ်ရပ်ပင် ဆိုရပါတော့မည်။ ထို့ပြင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်၊ အရိယာသာဝက၊ စကြဝတေးမင်းဟု ထူပါရဟာ (စေတီထိုက်သောပုဂ္ဂိုလ်လေးပါး) ဟောကြားတော်မူခဲ့ရာ ထိုဒေသနာတော်လည်း စေတီအတွက် ခွင့်ပြုချက်တစ်ရပ်ပင် ဖြစ်ပါသည်။ ဒီ-၂-၁၁၇

## ဗုဒ္ဓ ဓမ္မ သံဃ ဒါနများ

ဘုရားရှင် ခွင့်ပြုတော်မူသော သတ္တာတို့တွင် ပိဋကတ်ဓမ္မသတ္တုမှာ ဝေနေယျတို့အား တရားနည်းလမ်း ညွှန်ပြပေးခြင်းကိစ္စ၊ ဝေနေယျတို့၏ အပူဇော်ခံခြင်းဖြင့် ကုသိုလ်တရား တိုးပွားစေခြင်းကိစ္စ၊ ဤကိစ္စနှစ်ခုလုံးကို ဆောင်ရွက်တော်မူလျက် ရှိပါ၏။ ကျန်စေတီတော်မြတ် သတ္တာတို့ကား အပူဇော်ခံခြင်းဖြင့် သတ္တုကိစ္စ ဆောင်ရွက်တော်မူကြ၏။ ဘုရားရှင်ကို လှူချင်လျှင် စေတီတော်တို့အား လှူကြရ၏။ တရားသံဃာလှူလိုလျှင်ပင် ကိုယ်စားလှယ်

၂၃၆၇၃

များဖြင့် လှူကြရကြောင်း ဗုဒ္ဓဒါန၊ ဓမ္မဒါန၊ သံဃဒါန ပြရာ အောက်ပါ ဣတိဝုတ္တကဋ္ဌကထာဖြင့် သိနိုင်ပါသည်။

တတ္ထ ဓရမာနံ ဘဂဝန္တံ စတူဟိ ပစ္စယေ
တိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ
ပရိနိဗ္ဗုတဉ္စ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိ
ယာဒီကေ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္က
ရောန္တာ ဗုဒ္ဓေ ဒါနံ ဒဒန္တိနာမ။

ထိုအဂ္ဂဒါနတို့တွင် သက်တော်ထင်ရှား မြတ်ဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော် ရိုသေမှု ပြုကြသူတို့သည်လည်းကောင်း၊ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော မြတ်စွာဘုရားတို့ကို ရည်ညွှန်း၍ ဓာတုစေတီ စသည်တို့ကို လုပ်ကျွေးပူဇော် ရိုသေမှုပြု ကြသူတို့သည်လည်းကောင်း ဗုဒ္ဓ၌ အလှူဒါန ပေးလှူ ကြသူတို့ မည်ကုန်၏။

ဓမ္မံ ပုဇေဿာမာတိ ဓမ္မဓရေ ပုဂ္ဂလေ
စတူ ဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ
သက္ကရောန္တာ ဓမ္မဉ္စ စိရ ဋ္ဌိတိကံ
ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ။

တရားကို ပူဇော်ကြမည်ဟု တရားဆောင်ထား သော ပုဂ္ဂိုလ်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး ပူဇော် ရိုသေမှု ပြုကြသူတို့သည်လည်းကောင်း၊ တရားတော်တို့ ကြာမြင့်စွာ တည်တံ့အောင် ပြုလုပ် ဆောင်ရွက်ကြသူတို့သည်လည်းကောင်း တရား၌ အလှူဒါနပြုကြသည် မည်ကုန်၏။

တထာ အရိယသံဃံ စတူဟိပစ္စယေဟိ
ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ တံ
ဥဒ္ဒိဿ ကတရသ္မိံ တထာ
ပဋိပဇ္ဇန္တာ သံဃေ ဒါနံ ဒဒန္တိနာမ။

ထို့အတူ အရိယာသံဃာကို ပစ္စည်းလေးပါး တို့ဖြင့် လုပ်ကျွေးပူဇော် အရိုအသေပြုကြသူတို့သည် လည်းကောင်း၊ ထိုအရိယာသံဃာတော်ကို ရည်ညွှန်း၍တစ်ပါးသော သမ္မုတိသံဃာ၌သော်လည်းကောင်း၊ ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော် ရိုသေသမှု ပြုကြသူတို့သည်လည်းကောင်း သံဃာ၌ အလှူဒါန ပေးလှူသူတို့ မည်ကုန်၏။

## အပူဇော်ခံထိုက်သော တကယ့်စေတီတော်များ

ယခုအခါ ဆိုခဲ့ပြီးသည့်အတိုင်း ဘုရားကိုယ်တော်စား အလှူတော် အတန်တန် အပူဇော်ခံထိုက်ကြသော တကယ်စစ်မှန်သော စေတီတော်များကို ခွဲခြားဖို့ရာ အခွင့်ဆိုက်လာသဖြင့် ထိုစေတီတော်များကို ဖော်ပြပါဦးမည်။

### သာရတ္ထဒီပနီလာ စေတီသုံးမျိုး

နှစ်နည်းအရဖြင့် ထုတ်ပြရှင်းပါအံ့။

တိဝိဓဉ္စိစေတိယ ဝဒန္တိ "ပရိဘောဂစေတိယံ၊ ဓာတုစေတိယံ၊ ဓမ္မစေတိယန္တိ" စေတီသုံးမျိုးရှိသည်ဟု ဆရာတို့ ဆိုကြ၏။ ၎င်းတို့ကား ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီတို့ ဖြစ်ကြ၏။

### ပရိဘောဂစေတီ

ဘုရားရှင် အသုံးပြုရာ အဆောက်အအုံ ဝတ္ထုပစ္စည်းများကို ပရိဘောဂစေတီ ဆိုရ၏။ မဟာဗောဓိ

ပင် အပရာဇိတပလ္လင် ဂန္ဓကုဋီစသော နေထိုင်သော အားဖြင့် အသုံးပြုခဲ့သော အရာဝတ္ထုတို့ကို လည်း ကောင်း၊ သင်္ကန်း၊ သပိတ်၊ ရေစစ် စသောအသုံး အဆောင်တို့ကိုလည်းကောင်း၊ ပရိဘောဂစေတီ (ပူဇော်အပ်သော အသုံးအဆောင်)ချည်း ဆိုရ၏။

"ပဗ္ဗဇိတပရိဘောဂေါ ဟိ အဂါရိကာနံ စေတိယ ဋ္ဌာနိယော" ဝိ၊ ၄၊ ၂၊ ၆၇ အရ၊ ရဟန်းများ အသုံးအဆောင်ပင် လူတို့၏ စေတီအရာ တည် သည်ဖြစ်ရာ ဘုရားအသုံးအဆောင်မှာ ပြောဖွယ် မရှိပါပေ။ အတုမရှိသော ဂုဏ်တော်ရှင်၏ အသုံး အဆောင်ဖြစ်၍ တကယ့်စေတီများပင် ဖြစ်ပါ၏။ ထိုပစ္စည်းတွေ့မြင်ရတိုင်း ဘုရားရှင်ကို အမှတ်ရစေ ခဲ့ရာ ထိုဝတ္ထုတွေက ဘုရားရှင်ဂုဏ်တော်တွေကို ညွှန်းဖော်လျက်ရှိ၍ စေတီထိုက်သည် ဆိုခြင်းမှာ "သဘာဝ"ကျပါပေ၏။ ဘုရားရှင်၏ အသုံး အဆောင် သပိတ်၊ သင်္ကန်း အစရှိသော ပစ္စည်းများ တို့ကို ထိုထိုတိုင်းပြည်ဒေသတို့၌ အသီးသီး စေတီ တည်ထားကိုးကွယ်ခဲ့ရာ ထိုအခါက ပရိဘောဂစေတီ

တော် အများအပြား ထင်ရှားပေါ်ကာ တင့်တယ်လာခဲ့ရပါပေသည်။

ဗုဒ္ဓဝံသ၊ ဓာတုဘာဇနိယကထာ-၃၈၄

## ဓာတုစေတီတော်

ဘုရား ကိုယ်တော်မှ ဖြစ်ပေါ်လာသော ဓာတ်တော်များကိုလည်းကောင်း၊ ထိုဓာတ်တော်များကို ဌာပနာ၍ တည်ထား ပူဇော်အပ်သော စေတီပုထိုးတို့ကိုလည်းကောင်း "ဓာတုစေတီ"ဆိုရ၏။ ကိုယ်တော်မြတ်၏ အသွေးအသား အရိုးတော်တို့မှ ဖြစ်ပေါ်လာ၍ "သာရိရိက"လည်းဆိုခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် တေဇောဓာတ်လောင်သောအခါ ဓာတ်တော်တွေဖြစ်လာရ၏။ ထိုဓာတ်တော်များကား အဆင်းကအသွယ်သွယ်၊ အရွယ်ကအစားစား၊ အရေအတွက်အားဖြင့်လည်း ခြားနားလျက်ရှိ၏။ ဓာတ်တော်အကြီးစားက ရွှေအဆင်းရှိ၏။ အလတ်စားက ပုလဲအဆင်းရှိ၏။ အငယ်စားက ချယားပွင့်၊ သို့မဟုတ် မြတ်လေးပန်းငုံ

အဆင်းရှိ၏။ အရွယ်ပမာဏအားဖြင့် အကြီးက ပဲနောက်၊ အလတ်ကဆန်ကျိုး၊ အငယ်က မုန်ညင်းစေ့ ပမာဏရှိ၏။ အရေအတွက်အားဖြင့် အကြီးက ငါးစလယ်၊ အလတ်ကငါးစလယ်၊ အငယ်က ခြောက်စလယ်ရှိသည်ဟု သိရ၏။ အသမ္ဘိန္န (ပင်ကိုအတိုင်း မပျက်ရှိနေသော) ဓာတ်တော်သမ္ဘိန္န (ပင်ကိုအနေအထားမှကွဲပြား တစ်မျိုးဖြစ်လျက်ရှိသော) ဓာတ်တော်ဟုလည်း ကွဲပြားသေး၏။ သင်းကျစ်တော်၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ခုနစ်ဆူသော ဤဓာတ်တော်တို့ကား အသမ္ဘိန္နဓာတ်တော်များ ဖြစ်ကြ၏။ ကျန်ဓာတ်တော်များမှာ သမ္ဘိန္နဓာတ်တော်များ ဖြစ်ကြ၏။

အပဒါန်၊ ၂၊ ၃၈၃၊ ၄၊

## ဓာတ်တော်မရှိလျှင် သာသနာကွယ်

ဓာတ်တော်များမှာ ဘုရားရှင်၏ ကိုယ်တော်အသွေးအသား၊ အရေအရိုးတော်များမှ ဖြစ်လာရသည်ဖြစ်ရာ ဘုရားရှင်အလား အလွန်ပင် လေးစားခံခဲ့ရ၏။ သက်တော်ထင်ရှားရှိစဉ်က ဘုရားထူပါ

အများအပြား ရှိသည်ကို မတွေ့ရ၊ ပရိနိဗ္ဗာန် စံတော်မူရာအခါ၌ကား ဓာတ်တော်ဝေစုရသော ရှင်ဘုရင်များက ကိုယ်ဌာန ကိုယ့်မြို့နယ်မှာ အသီးသီး စေတီတည်ထားကိုးကွယ်ကြ၍ ဘုရားစေတီပုထိုး များစွာဖြင့် ကမ္ဘာကို တင့်တယ်စေခဲ့၏။ ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့်လည်း ကမ္ဘာကို တန်ဆာဆင်ခဲ့ရာ ဇမ္ဗူဒီပ ကမ္ဘာတစ်ခွင်မှာ လွန်စွာပင် တင့်တယ်လျက် ရှိခဲ့ပါ၏။ ဓာတ်တော်ကား အရေးကြီးလှ၏။ ဓာတ်တော်ရှိနေသမျှ သာသနာမကွယ်သေး၊ နောက်ဘုရားတစ်ဆူ ဖြစ်ခွင့်မရှိသေး၊ ဓာတုပရိနိဗ္ဗာန် စံရာအခါမှနောက်၌ကား သာသနာကွယ်ရတော့၏။

## ဓမ္မစေတီတော်

ပဋိစ္စသမုပ္ပါဒ်စသော တရားစာအုပ် ပေစာတွေ ဌာပနာရာ စေတီကို "ဓမ္မစေတီ"ဟုဆိုပါသည်။ တရားစာအုပ် ဌာပနာရာ စေတီသာမက တရားစာအုပ်တို့ကိုလည်း ဓမ္မစေတီပင် ဆိုအပ်ပါသည်။

ဓမ္မ၏ သတ္တုအဖြစ်ကား ဘုရားကိုယ်တော်တိုင် မိန့်တော်မူခဲ့၍ သတ္တာအဖြစ်မှာ ထင်ရှားပါ၏။ ပရိယတ် ပဋိပတ် အသိဓာတ် အလင်းဉာဏ်တို့ကို အစဉ်မပြတ် ပေးနေခဲ့သော စေတီဖြစ်ရာ ဤဓမ္မ စေတီကား သတ္တဝါတို့အဖို့ ကျေးဇူးများလှ၏။ ဘုရားရှင် ကိုယ်တော်တိုင်ပင် ပူဇော်ရာဖြစ်၍ ဓမ္မစေတီကား ထူးခြားလှ၏။

မြတ်စွာဘုရား ဘုရားဖြစ်စ ဉရုဝေဠတောတွင် သီတင်းသုံးတော်မူစဉ် "ငါဘယ်သူများ ရှိသေ လေးစားသမှု အမှီပြုနေရအံ့နည်း"ဟု စဉ်းစားခဲ့ ဖူး၏။ မိမိ အလေးအမြတ် အရိုအသေပြုဖို့ ပုဂ္ဂိုလ် မမြင်ဖြစ်ရာမှ အကြံရခဲ့သည်မှာ "ငါကိုယ်တိုင် ထိုးထွင်းသိတော်မူခဲ့သော တရားတော်ကိုပင် ရှိသေ သမှု၊ လေးမြတ်သမှု၊ အမှီပြုနေရမှု ကောင်းလေစွ" ဟု ဖြစ်ပါသည်။ ထိုအကြံသိသော သဟမ္ပတိ ဗြဟ္မာကြီးက ဘုရားရှင်ကြံတိုင်း အမှန်ဖြစ်ကြောင်း၊ ဘုရားရှင်တိုင်း တရားအလေးပြုခဲ့ကြောင်း ထောက်ခံ လျှောက်ထားခဲ့လေသည်။

## ဥဒ္ဒိဿစေတီလည်းဆိုရ

ပဋိစ္စသမုပ္ပါဒ်စသော ပေစာ စာအုပ်များ ဌာပနာရာစေတီကို ဓမ္မစေတီဟုဆိုခဲ့၏။ ဘုရားလက်ထက်တော်က ထိုသို့ တရားစာအုပ်မရှိ၊ နှုတ်ဖြင့် သင်ကြ၊ ဆောင်ကြ၊ စိတ်ဖြင့် မှတ်သားကြ၏။ သို့ဖြစ်လျှင် ဘာကို ဓမ္မစေတီဆိုပါမည်နည်း။ ထိုအခါ စိတ်ဖြင့်ရည်မှန်း၍ တရားဂုဏ်တော်ကို အာရုံပြုရ၏။ တရားတော်ကို ဆင်ခြင်ရ၏။ ထိုဆင်ခြင်ရည်မှန်းအပ်သော ဂုဏ်တော်၊ တရားတော်များပင် ဓမ္မစေတီဖြစ်၏။ ဓာတု၊ ပရိဘောဂတို့လို အထည်ဝတ္ထုမရှိ၊ စိတ်ဖြင့် ရည်မှန်းပူဇော်အပ်သော တရားတော်ဖြစ်၍ "ဥဒ္ဒိဿစေတီ"လည်း ဆိုရ၏။ အသိပညာ နည်းပါးလာသော နောင်အခါ စာအုပ်တွေ ပေါ်လာရ၏။ ထိုပေစာ စာအုပ်တွေမှာ စိတ်ဖြင့်ရည်မှန်းအပ်၊ ဆင်ခြင်အပ်သော တရားတော်တွေကို ရုပ်လုံးဖော်ခြင်းပင်ဖြစ်ရာ ၎င်းတို့သည် "ဥဒ္ဒိဿစေတီ"တွင် ဝင်ခဲ့၏။

## ဥဒ္ဒိဿစေတီတစ်ဆူ

ရုပ်ပွားဆင်းတုတော်ကိုလည်း ဥဒ္ဒိဿစေတီဆိုရ၏။ ဘုရားလက်ထက်တော်၌ ဆင်းတုတော်မရှိဟု သိရ၏။ သို့ဖြစ်လျှင် ထိုအခါက ဥဒ္ဒိဿစေတီ ဘယ်သို့ဖြစ်နိုင်ပါသနည်း။ ဘုရားဂုဏ်တော်များကို အာရုံပြုရ၏။ ဘုရားကိုယ်တော်ကို စိတ်ဖြင့် ရည်မျှော် အာရုံယူ ပူဇော်ရ၏။ စိတ်ဖြင့် ရည်မှန်းအပ်သော ထိုဂုဏ်တော် ပုံတော်များကိုပင် "ဥဒ္ဒိဿစေတီ"ဆိုရ၏။ ရည်မှန်း၍ ပူဇော်အပ်သော စေတီဆိုလို၏။ အများ ထင်လွယ် မြင်လွယ်ကြဖို့ရာ နောင်အခါ ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ကြရာ ဆင်းတုတော်များ ပေါ်လာရ၏။ စိတ်ဖြင့် ရည်မှန်းအပ်သော ဂုဏ်တော်များ၊ ပုံတော်များကို အကြောင်းပြု ပေါ်လာရသောကြောင့် ၎င်းတို့ကိုလည်း ဥဒ္ဒိဿ စေတီ၌ သွင်းရ၏။

## သုံးပါးတစ်နည်း

သို့ဖြစ်လျှင် သာရတ္ထဒီပနီ၌ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီဟု စေတီသုံးမျိုး ပထမခွဲခဲ့ရာ

ဆိုခဲ့ပြီးအတိုင်း ဓမ္မစေတီ၌ ပဋိမာ ရုပ်တုစေတီမပါ၊ ဥဒ္ဒိဿ၌ကား ဓမ္မ၊ ပဋိမာ နှစ်မျိုးလုံး ပါနိုင်၏။ ထို့ကြောင့် ဓမ္မ၊ ပဋိမာ နှစ်မျိုးလုံး ပါဝင်နိုင်ရန်ဆိုပြီး စေတီသုံးမျိုးအပြင် "သာရီရိကံ ဥဒ္ဒိဿကံ ပါရိဘောဂိကန္တိ ဧဝမ္ပိ ဘေဒံ ဝဒန္တိ" သာရီရိက (ကိုယ်ခန္ဓာတော်မှဖြစ်သော)စေတီ၊ ပါရိဘောဂိက (အသုံးအဆောင်တော်မှဖြစ်သော) စေတီ၊ ဥဒ္ဒိဿက (ရည်မှန်းသောအားဖြင့်ဖြစ်သော)စေတီ ဤသို့သုံးပါး အပြားရှိသော စေတီကိုဆိုကြသည်ဟု ဆရာတို့အဆို အဖြစ် တစ်မျိုးပြခဲ့ပြန်သည်။

ဤသုံးပါးခွဲနည်းက ပိုစုံလင်ကြောင်း "အယံ ပန ပဘေဒေါ ပဋိမာရူပဿာပိ ဥဒ္ဒိဿစေတိ ယေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံ ယုဇ္ဇတိ" ဤအပြားမှာ ပဋိမာခေါ် ရုပ်တုတော်ကိုလည်း (ဓမ္မစေတီသာမက ဆိုလို၏။) ဥဒ္ဒိဿစေတီဖြင့်ပင် သိမ်းယူအပ်သည်၏ အဖြစ်ကြောင့် ပိုသင့်မြတ်၏ဟု ဋီကာဆရာ ဆိုခဲ့သည်။

ဤစကားဖြင့် ဥဒ္ဒိဿစေတီတွင် ဓမ္မစေတီရော ဆင်းတုရုပ်တုပါ ပါဝင်သည်ဟု သိရ၏။

## ဥဒ္ဒိဿကို ဖွင့်ပြပုံ

သာရတ္ထဋီကာဆရာ ထောက်ပြသော စေတီသုံးပါးမှာ ကလိင်္ဂဗောဓိဇာတ် အဋ္ဌကထာမှဖြစ်၏။ ထိုအဋ္ဌကထာအဆိုကို နောက်ကလည်း ပြခဲ့ပြီ၊ ထိုအဋ္ဌကထာ၌ အရှင်အာနန္ဒာက စေတီသုံးပါး ဘုရားထင်ရှားရှိတုန်း ဖြစ်နိုင်ပါသလား ဟူသော မေးလျှောက်ချက်ကို သာရီရိကက ပရိနိဗ္ဗာန်စံပြီး နောက်မှဖြစ်ကြောင်း၊ ဗောဓိပင်ကတော့ ဘုရားရှင်များ ထင်ရှားရှိတုန်းပင် ဖြစ်နိုင်ကြောင်း မိန့်ခဲ့၏။

ဥဒ္ဒိဿကိုတော့ "ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယန မတ္တမေဝ ဟောတိ"

ဥဒ္ဒိဿ က အထည်ဝတ္ထုမရှိ၊ မြတ်နိုးရုံမျှသာ ဖြစ်၏ဟု မိန့်တော်မူ၏။ ဤစကားဖြင့် ဘုရားရှင် ထင်ရှားရှိတုန်း ဥဒ္ဒိဿလည်း ရသည်။ သို့သော် ဥဒ္ဒိဿ က ဓာတု၊ ပရိဘောဂတို့လို အထည်ဝတ္ထုမရှိ၊ ရည်မှန်းရုံ၊ မြတ်နိုးရုံမျှသာဟု ပြတော်မူ၏။

## ဋီကာဖွင့်ပြပုံ

ဥဒ္ဒိဿဆိုသည်မှာ အထည်ဝတ္ထုမရှိ၊ မြတ်နိုး ရုံမျှသာဆိုသော အဋ္ဌကထာစကားကို ဋီကာက ဤသို့ ဖွင့်ပြ၏။

"ဥဒ္ဒိဿကန္တိ ဥဒ္ဒိဿကတံ ပဋိမာဒိ၊ အဝတ္ထု ကန္တိ သာရီရိက ပရိဘောဂမိဝ န ဘဝတိ၊ ပဏ္ဏတ္တိ မတ္တမေဝ ဟောတီတိ၊ ဗုဒ္ဓဂုဏာနုဿရဏာ ဒီဝသေန ပဝတ္တတိ" ဥဒ္ဒိဿဟူသည် ရည်ရွယ် ပြုလုပ်အပ်သော ဆင်းတု စသည်တည်း၊ အဝတ္ထုက ဟူသည် သာရီရိက ပရိဘောဂ စေတီကဲ့သို့ ထင်ရှားဖြစ်သည် မဟုတ်၊ ပညတ်မျှသာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဂုဏ်တော်တို့ကို အောက်မေ့ခြင်း စသည်၏ အစွမ်းဖြင့် ဖြစ်၏။

## ရှင်းလင်းချက်

ဘုရားရှင်တော် လက်ထက်တော်က ပဋိမာ (ဆင်းတု၊ ရုပ်တုတော်)မရှိပါလျက် အဘယ်ကြောင့်

"ဥဒ္ဒိဿကတံ ပဋိမာဒိ" ဟု ဋီကာဖွင့်ပါသနည်း၊ နောင်အခါ ပေါ်ပေါက်လာသည့် ပဋိမာကို ရည်ဆိုပါ၏။

ဆင်းတုတော်လည်း ရည်ရွယ်ခြင်းကြောင့်သာ ဖြစ်လာရသော စေတီတည်း။ ဓာတု၊ ပရိဘောဂ တို့လို ယခင်က ထင်ရှားရှိနေသော စေတီမဟုတ်၊ ထို့ကြောင့် ဆင်းတုတော်ကို ဥဒ္ဒိဿစေတီ၌ပင် သွင်းရတော့သည်။

## အဘယာရာမဆရာတော်၏ ရှင်းလင်းချက်

အဝတ္ထုက မမာယန မတ္တစသော အဖွင့်များအရ ဥဒ္ဒိဿစေတီအရာ အဘယာရာမ ဆရာတော်ဘုရားက အောက်ပါအတိုင်း မိန့်ဆိုတော်မူခဲ့၏။

အရဟံစသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ သွာက္ခာတတာ စသော

ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဆယ်ပါးသော တရားတော်၊ သုပ္ပဋိပန္နတာစသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော အရိယာသံဃာတို့သည် သာရိရိကစေတီ ပရိဘောဂိကစေတီကဲ့သို့ ဝတ္ထု အထည်ဒြပ် ထင်ရှားမရှိကုန်၊ ဂုဏ်တော်တို့ကို စိတ်ဖြင့် ရည်မှန်း၍ ပူဇော်အပ်သောကြောင့် ဥဒ္ဒိဿစေတီ မည်ကုန်၏။

နောက်ကာလ၌ကား ဉာဏ်နုသောသူတို့၏ စိတ်၌ ထင်လွယ်မြင်လွယ်စေခြင်းငှာ မြတ်စွာဘုရား၏ ဆင်းတုတော်၊ အရှင်သာရိပုတ္တစသော အရိယာ သံဃာတို့၏ ဆင်းတုတော်၊ မြတ်စွာဘုရား စကားတော်တို့ကို အက္ခရာအမှတ်အသားဖြင့် ရေးသားသော ပေစက္ကူ ပုရပိုက်ဟူသော ဓမ္မစေတီတို့သည် ဥဒ္ဒိဿစေတီ၌ ဝင်ကုန်၏။

အသောကမင်း လက်ထက်တိုင် ဆင်းတု ရုပ်တုတော် မပေါ်သေး၊ အသောကမင်း နတ်ရွာစံပြီး နောက် နိုင်ငံတော်ကြီး အစိတ်စိတ် ကွဲပြားသောအခါ

ယောနကမည်သော ဂရိတ်လူမျိုးတို့နောက် ကုသျှန်သျှက(ယုက)ခေါ်သော ဧသျှား အလယ်ပိုင်းက လူမျိုးတို့သည် ဣန္ဒိယပြည်ကြီး၏ အနောက်ပိုင်း၊ မြောက်ပိုင်း တို့ကို အုပ်စိုးကြကုန်၏။ ထိုနိုင်ငံခြားသားမင်းတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြသောအခါ မိမိတို့ကိုးကွယ်ရင်း နေ နတ်သား၏ ရုပ်တုကို အတုယူ၍ ဗုဒ္ဓရုပ်တုဆင်းတုကို ပြုလုပ်ကိုးကွယ်ကြသည်မှစ၍ ရုပ်တုတော် ဖြစ်ပေါ်လာသည်ဟု ဣန္ဒိယကျောက်စာဘက်က ပညာရှိများ ဆုံးဖြတ်ကြသည်ကို ဖတ်ဖူး၏။

(ကျေးရူးတော်ရှင် အဘယာရာမ ဆရာတော်ဘုရား၏ စေတီယဝိသဇ္ဇနာမှ)

## ဝိသဇ္ဇနာတစ်ရပ်

ထိုစေတီယဝိသဇ္ဇနာမှာပင် ပါဒစေတီတော် (ခြေတော်ရာ) တုမ္ဗစေတီ (ဒေါဏပုဏ္ဏားကြီး ဇွယ်တော် ဝှက်ထားရာ သိကြားက တိတ်တိတ်ယူသွားသဖြင့် နောက်ဆုံး မတတ်သာတော့ ခတ်တော်ဘူးကိုယူကာ စေတီ တည်၍ ပူဇော်ခဲ့

သော စေတီ)၊ အင်္ဂါရစေတီ(မောရိယမင်းများ နောက်ကျနေ၍ တေဇောဓာတ်လောင်ရာမှ မီးသွေး သာရ၍ ထိုမီးသွေးကိုဆောင်ယူ စေတီတည် ပူဇော်သောစေတီ)၊ ဓာတုပရိဘောဂ မပါသော စေတီသက်သက်များ ဥဒ္ဒိဿစေတီ ဖြစ်ထိုက်၊ မဖြစ်ထိုက်ကိုလည်း ဖြေရှင်းထားခဲ့၏။

## ဖြေရှင်းပုံ

စေတိယသည် ယခင်ဆိုခဲ့ပြီးသော အနက်အရ (အဘိဓာန်များနှင့် ပါဠိအဋ္ဌကထာများအရ) သာသနာနှင့်သာဆိုင်သော အမည်မဟုတ်၊ ဘုရား မပွင့်မီ ရှေးရှေးသောကာလကပင် ပူဇော်ရာဌာန၊ သစ်ပင် စသည်တို့၌ တွင်နေသောအမည်တည်း။ ထိုကြောင့် လူတို့သည် မြတ်နိုး ပူဇော်အပ်သော ပါဒစေတီ၊ အင်္ဂါရစေတီတို့ကို ရင်းဖွားမြင်ရာဌာန၊ ဒုက္ကရစရိယာ ကျင့်ရာဌာန၊ သစ္စာလေးပါးကို သိမြင် ရာ ဌာန၊ အနိမိသစသောဌာန၊ ဓမ္မစကြာကို ဟောတော်မူရာဌာန၊ သီတင်းသုံးတော်မူရာဌာန၊ ထိုထို ဗုဒ္ဓကိစ္စပြုတော်မူရာဌာန၊ ပရိနိဗ္ဗာန် ဝင်စံ

တော်မူရာ ဌာန၊ တေဇောဓာတ်လောင်ရာဌာန အစ ရှိသော အရပ်ဌာနတို့ကိုလည်းကောင်း၊ ထိုထိုအရပ် တို့၌ အမှတ်အသားအဖြစ်ဖြင့် တည်ထားအပ်သော ထူပ ကျောက်တိုင် စသည်တို့ကိုလည်းကောင်း၊ ဓာတ်တော်ပင် မရှိစေကာမူ စိတ္တီကတ (အရိုအသေ အလေးအမြတ် ပြုအပ်သောဝတ္ထု)ဖြစ်၍ စေတိယ (စေတီ)ဟုပင် မှတ်အပ်ကုန်၏။

## အထောက်သာဓက

ပူဇော်အပ်ရာဌာနသည် စေတီမည်၏ဟူရာ၌ ပလ္လင်္က ဗောဓိရုက္ခဥ္စ အနိမိသေဟိ အက္ခိဟိ သြလောကယမာနော သတ္တာဟံ ဝီတိနာမေသိ၊ တံ ဌာနံ အနိမိသစေတိယံ နာမ ဇာတံ ဟူ၍ လည်းကောင်း၊ တံဌာနံ ရတနစင်္ကမစေတိယံနာမ ဇာတံဟုလည်းကောင်း၊ တံ ဌာနံ ရတနဃရစေတိယံ နာမ ဇာတံဟုလည်းကောင်း လာသော ဝိနယ မဟာ ဝဂ္ဂ အဋ္ဌကထာသည် သာဓကတည်း။

ဝိ-ဌ-၃-၂၃၈-၉

ဤအဋ္ဌအထာ၌ နောင်အခါလူတို့သည် ထူပ ပြုလုပ်ပူဇော်မှ စေတီယမည်သည်ဟု မမှတ်အပ်၊ မြတ်စွာဘုရား သီတင်းသုံးတော်မူပြီးသည်မှစ၍ ထိုနေရာဌာနသည် နတ်လူတို့ ပူဇော်အပ် ပူဇော် ထိုက်သောကြောင့် စေတီယမည်သည်ဟု မှတ်ယူ အပ်၏။

## ဗုဒ္ဓထူပ လက်ထက်တော်က ရှိသလော

ဘုရားရှင်လက်ထက်တော်က ဘုရားရုပ်တုတော် ပဋိမာ မရှိကြောင်း ဆိုခဲ့ပါပြီ၊ ထူပခေါ် စေတီပုထိုး ပင် များစွာရှိသည်ကို မတွေ့ရ။ နောက်ပြဆိုမည့် ပုလိနထူပိယတ္ထေရ အပဒါန(နှာ-၁၈)၌ ရွှေစေတီ တစ်ဆူ တည်ခဲ့သည်ကို တွေ့ရ၏။ ထို့ပြင် ပစ္စန္တရာဇ် ဒေသ၌ တစ်ဆူပေါ်ပေါက်ခဲ့ကြောင်းကို အင်္ဂုတ္တရ အဋ္ဌကထာ-၁ ၌ တွေ့ရ၏။ ပထမဆုံး သရဏဂုံယူ ကြသော ဒွေဝါစိက သရဏဂုံရှင် တဖုဿနှင့် ဘလ္လိကတို့က မိမိတို့မြို့ပြန်ခါနီး "ဘန္တေ အမှာကံ ပရိစရဏက စေတီယံ ဒေထ" "မြတ်စွာဘုရား၊ တပည့်တော်တို့အား လုပ်ကျွေးပြုစုဖို့ရာ စေတီ

ပေးသနားတော်မူပါ''ဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက လက်ယာလက်ဖြင့် ဦးခေါင်းကို သပ်၍ ဆံတော်ရှစ်ဆူ ပေးလိုက်၏။ ထိုဆံတော်ဓာတ်ကို ငွေကြုတ်တို့ဖြင့်ထည့်၍ မိမိတို့မြို့သို့ ဆောင်ယူခဲ့ကြပြီးလျှင် မြို့တော်(အသိတဉ္စန) တံခါး ဝ၌ သက်တော်ထင်ရှား မြတ်စွာဘုရားဆံတော်တို့ဖြင့် စေတီ တည်ထားကြကုန်၏။

ဥပုသ်နေ့၌ စေတီတော်မှ ညိုသောရောင်ခြည်တော်များ ကွန့်မြူး ထွက်ပေါ်လာကြကုန်၏။

ဝိနယ မဟာဝဂ္ဂ အဋ္ဌကထာ၌ကား ဆံတော်ရှစ်ဆူဟုမဆို၊ ဦးခေါင်းတော်ကို လက်ဖြင့်သပ်ရာ ဆံတော်များ ကပ်ပါလာကြောင်း၊ ဤဆံတော်တို့ကို သင်တို့ ဆောင်သွားကြဟု မိန့်တော်မူကာ ဆံတော်များ ပေးတော်မူလိုက်ကြောင်း ဤမျှသာ မိန့်ဆိုခဲ့၏။

## ဥက္ကလာဆိုသည်မှာ ရန်ကုန်လော

ဆိုခဲ့ပြီးသော တဖုဿ၊ ဘလ္လိကတို့သည် ဥက္ကလာပ(ရန်ကုန်)မြို့သားများ ဖြစ်ကြ၍ ရလာ

သော ဆံတော်တို့ဖြင့် ရွှေတိဂုံစေတီတည်ကြကြောင်း အများပင် ယုံကြည်ခဲ့ကြ၏။

တချို့ကလည်း ဥက္ကလာဆိုသည်မှာ အိန္ဒိယ၌ ရှိနေ၍ တဖုဿ၊ ဘလ္လိကတို့မှာ အိန္ဒိယကသာ ဖြစ်ကြကြောင်း ဆိုကြ၏။

အောက်ပါမှာ တောင်ပေါက် ဆရာတော်ဘုရား၏ ဗုဒ္ဓဘာသာသနိက ပဋ္ဌဝိဝင်မှ ဖြစ်၏။

## ဥက္ကလာဇာတိ ပဝတ္တိဥက္ကလာပ

တိုင်းအမည် ဥက္ကလ =ဩဋ္ဋ။ ဩဋ္ဋကား ဧင်းတိုင်းဟောပါငြိနှင့် ပါကတဘာသာ ပရိယာယ် ပုဒ်တည်း။ ရှေးမြို့တော်အမည် အသိတဥ္စန၊ ယခုမြို့အမည် ဝေါက်လီ၊ တည်ရာဌာနကား ဘင်္ဂလား အနောက်တောင်ဘက် ဩရိဿ (ဥရိဆာ)နယ် ပူရီဒိစတြိ စီရင်စု နယ်ပယ်များ၌ တည်ရှိသည်။

မြန်မာပြည်အောက်ပိုင်းရှိ တိဂုံစေတီတော် မူလ ဒါယကာများ ဖြစ်ကြသော တဖုဿ၊ ဘလ္လိက

ကုန်သည်ညီနောင်နှစ်ဦးတို့၏ မူလဇာတိ နေရပ်ဟောင်းတိုင်းကား ဤဥက္ကလာတိုင်းပင်ဖြစ်သည်။ ၎င်းကုန်သည် ညီနောင်တို့သည် ဘုရားပွင့်တော်မမူမီ နှစ်ပေါင်း အတော်ကြာကပင် မြန်မာပြည်အောက်ပိုင်း ရာမညတိုင်းသို့ ကူးသန်းသွားလာ ရောင်းဝယ်လျက်ရှိကြရာ ဘုရားရှင်ပွင့်တော်မူ၍ ရာဇာယတနသတ္တာဟ၌ စံတော်မူစဉ်၊ ၎င်းကုန်သည်ညီနောင်တို့သည် မိမိတို့နေရပ်ဟောင်းဇာတိ ဥက္ကလာတိုင်းမှ လှည်းဝန်များဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြရာ ပဏ္ဍုတိုင်း၊ လာဋတိုင်းတို့ကို ကျော်လွန်၍ ဥရုဝေဠတောစခန်းသို့ ရောက်သောအခါ ရှေးကဆွေမျိုးတော်စပ်ဖူးသော ရက္ခစိုးနတ်က ညွှန်ကြားသဖြင့် ဘုရားရှင်ကို ဖူးမြင်ကြရပြီး ဒွေဝါစိကသရဏဂုံတည် ဥပါသကာအဖြစ် ရောက်ကြကာ ဘုရားရှင်၏ ဆံတော်ဓာတ်များ ချီးမြှောက်ခြင်းကို ခံရသည်။ ထို့နောက် မိမိတို့ဇာတိ ဥက္ကလာတိုင်းသို့ ပြန်ရောက်ကြပြီး၊ ၎င်းမှ ဆံတော်ဓာတ်များနှင့်တကွ ပဝတ္တိဌာန မြန်မာပြည် ဥက္ကလာပ ရောက်ကြ၍ တိဂုံစေတီတော် တည်ကြသည်ဟု မှတ်ယူဖွယ်

ရှိသည်။ ဤသို့ယူမှသာ ကျမ်းဂန်လာစကားနှင့် ညီညွတ်၍ ယုတ္တိလည်း ရှိသည်ဟု ဆိုရမည်။

## ရဟန္တာထူပ

ရဟန္တာများ၏ ဓာတ်တော်များ ဌာပနာရာ စေတီထူပများ ရှိကြောင်းသိရ၏။ ဗာဟိယတ္ထေရာ ပဒါန်စသည်ကြည့်။ ဗာဟိယဒါရုစိရိယမထေရ် ပရိနိဗ္ဗာန် စံတော်မူသောအခါ မြတ်စွာဘုရားက ရဟန်းတော်များအား ဗျာပနပြုကြဖို့၊ စေတီတည်ကြဖို့၊ ပူဇော်ကြဖို့ တိုက်တွန်းတော်မူခဲ့၏။

ဂဏှထ နေတွာ ဗျာပေထ

တနုံ သဗြဟ္မစာရိနော

ထူပံ ကရောထ ပူဇေထ-

နိဗ္ဗုတော သောမဟာမတိ

ခိပ္ပါဘိညာဏ မေ သဂ္ဂေါ

သာဝကော မေ ဝစောကရော

ချစ်သားတို့၏ သီတင်းသုံးဖော် ဗာဟိယ ဒါရုစိရိယ၏ ကိုယ်ခန္ဓာကို ယူကြကုန်လော့၊ သယ်

ဆောင်၍ ဈာပနပြုကြကုန်လော့၊ စေတီကို တည်ထားပြုလုပ်ကြ၊ ပူဇော်ကြကုန်လော့။ ကြီးသော ပညာရှိသော ထိုဗာဟိယသည် ပရိနိဗ္ဗာန်ဝင်စံခဲ့ပေပြီ၊ ငါဘုရား၏စကားကို လိုက်နာသော ဤတပည့်သာဝက ဗာဟိယသည် ခိပ္ပါဘိညာ (လျင်မြန်သော အသိဉာဏ် ရှိသော) ပုဂ္ဂိုလ်တို့တွင် ထူးချွန်သာလွန်သူတစ်ဦး ဖြစ်ပါပေသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ ဓာတ်တော်များ စေတီ တည်ထားကြောင်းများလည်း မဟာဝဂ္ဂ-ဌ-၁၄၄ ၌ လာ၏။

(၁-ဘုရားရှင် ပွင့်တော်မမူမီ တစ်ရာကျော် လောက်ကပင်ဟု ထိုပဌဝီကျမ်း၌ ရှိ၏။ ထိုအရာ၌ ကုန်သည်ညီနောင်တို့၏ မိဘတို့ကိုပင် ကုန်သည်ညီနောင် ဆိုသလောဟု တွေးဆဖွယ်ဖြစ်၏၊ သို့မဟုတ် ကုန်သည်ညီနောင်တို့၏ မိဘတို့သည်ဟူသော ပင်ရင်းစာမှ "မိဘတို့သည်"ကျနေသလော တွေးတောဖွယ်ပင်။)

# သာသနာ့ပ ဘုရား ဘယ်လိုသိကြသလဲ

ဘုရားရှင် လက်ထက်တော်မှာ ဘုရားရှင်၏ ထူပစေတီတွေ မရှိသော်လည်း ဘုရားမရှိရာ အချို့သော သာသနာ့ပ အခါ၌ စေတီ တည်ထား ပူဇော်သည်ကို တွေ့ရ၏။ ထိုကာလက စေတီပြုလုပ်ကြသော သူတို့မှာ စေတီ ဤသို့လုပ်ရသည်ဟု ဘယ်သို့သိကြသနည်း။ ဤမူမက သာသနာ့ပဖြစ်၍ ဘုရားကို ဘယ်လိုသိသလဲ၊ ဤသို့လည်း စဉ်းစားဖွယ် ရှိ၏။

ဝေဒကျမ်းလာ ဘုရားမြတ်တို့ကို ရည်မှတ်၍ ထိုကျမ်းဂန်အရတည်သောစေတီ ထူပကို အပဒါန-၂-၆၄ ပုလိနထူပိယတ္ထေရ အပဒါန်၌ တွေ့ရသည်။

ထိုအပဒါန်၌ ဟိမဝန္တာတောင်၌ ဒေဝီလ ရသေ့သည် တစ်နေ့ သင်္ခမ်းကျောင်းမှ ထွက်ခဲ့၍ သဲပုံစေတီ တည်ခဲ့၏။ ပန်းမျိုးစုံ သယ်ဆောင်၍ ထိုသဲပုံစေတီတော်ကို ပူဇော်ခဲ့၏။ ပူဇော်ပြီးနောက်

စိတ် အလွန်ကြည်လင်စွာဖြင့် သင်္ခမ်းကျောင်းထဲ ဝင်ခဲ့၏။ တပည့်တွေက ဤအကြောင်းကို စုပေါင်း လာရောက် မေးမြန်းကြ၏။

ပုလိနေန ကတော ထူပေါ-
ယံ တွံ ဒေဝ နမဿသိ
မယမ္ပိ ဉာတုမိစ္ဆာမ-
ပုဋ္ဌော အာစိက္ခ နော တုဝံ

ဒေဝ- ဆရာရသေ့၊ ပုလိနေန-သဲဖြင့်၊ ထူပေါ- ထူပါ(စေတီ)ကို၊ ကတော-ပြုအပ်ပါပြီ၊ တွံ-အရှင် ဆရာသည်၊ ယံ-ယင်းထူပါကို၊ န မဿသိ- ရှိခိုး ဘိ၏။ မယမ္ပိ-တပည့်တော်များလည်း၊ ဉာတုံ- သိနားလည်ခြင်းငှာ၊ ဣစ္ဆာမ-လိုလားကြပါကုန်၏။ ပုဋ္ဌော-လျှောက်ထား မေးမြန်းခံရသော၊ တုဝံ- အရှင်ဆရာသည်၊ နော-တပည့်တော်တို့အား၊ အာစိက္ခ-မိန့်ကြားတော်မူပါ။

ဤအမေး၌ တပည့်များ၏ ထူပဆိုသော အသုံးမှာ ယခု မြင်ရသော သဲမို့မို့မောက်မောက် အရာကို အစွဲပြုတင် ခေါ်သော အမည်လော၊ သို့မဟုတ် အများ ပြုလုပ်ပူဇော်နေကြသော လောက

ထူပါ၊ သို့မဟုတ် စေတီတို့ကို အစွဲပြုဆိုခြင်းလော တွေးဆဖွယ် ဖြစ်၏။ သူ့နည်းသူ့ဟန်ဖြင့် ကိုးကွယ် နေကြသော ထူပါများ ရှိကောင်းရှိပါလိမ့်မည်။

သူတို့ ရသေ့လောကမှာ ထူပါ အသုံးရှိခဲ့ဟန် မရှိ၍ တပည့်များက ဆရာကြီးလုပ်ပုံ သူတို့အမြင် မှာ ထူးဆန်းနေ၍ မေးမြန်းခြင်းဖြစ်ပါလိမ့်မည်။

## ဆရာကြီး အဖြေ

နိဒ္ဒိဋ္ဌာနု မန္တပဒေ

စက္ခုမန္တော မဟာယသာ

တေ ခေါ အဟံ နမဿာမိ

ဗုဒ္ဓသေဋ္ဌေ မဟာယသေ

မန္တပဒေ-ဝေဒကျမ်း၌၊ မဟာယသာ-များသောအခြံအရံ ရှိကြကုန်သော၊ စက္ခုမန္တော-ဉာဏ်အမြင်များလတ် ဘုရားမြတ်တို့ကို၊ နိဒ္ဒိဋ္ဌာနု-စင်စစ် ညွှန်ပြအပ်ပါကုန်ပြီ၊ အဟံ-ငါဆရာသည်၊ မဟာယသေ-များပြားပေါဘိ အခြံအရံ ရှိကြကုန် သော၊ တေခေါ-ထိုဘုရားရှင်တို့ကိုသာ၊ နမဿာမိ-ရှိခိုးခြင်း ဖြစ်ပါတော့၏။

## မှန်ကန်သော ရှိခိုးနည်း

မိမိ ရှိခိုးသည်မှာ ဝေဒကျမ်းများက ညွှန်ကြား ပြဆိုထားသော ဘုရားရှင် ကိုယ်တော်မြတ်တို့ကို ရှိခိုးခြင်း ဖြစ်ကြောင်း၊ ဆိုခဲ့သော ဆရာရသေ့ကြီး အဆိုမှာ ယခုခေတ် စေတီပူဇော်ကြသူတို့အတွက် မှန်ကန်သော ပူဇော်ရှိခိုးနည်းကို ညွှန်ကြားခြင်း ဖြစ်၏။

တပည့်များက ဆရာကြီး လောကက လူအများ လို တောင်တောင်အီအီတို့ကို ရှိခိုးနေသလော သံသယဖြင့်မေးခဲ့သည်ကို မိမိ ဤစေတီမျှကို ရှိခိုး ခြင်းမဟုတ်၊ ဘုရားရှင်တို့ကို ရှိခိုးကြောင်းဆိုခဲ့၏။ တပည့်များက ကျေနပ်သေးဟန်မတူ၊ ထို့ကြောင့် ဘုရားဟူသည် ဘယ်သို့သော ပုဂ္ဂိုလ်နည်းဟု မေးမြန်းကြပြန်၏။ ဘုရားရှင်တို့၏ လက္ခဏာများ၊ ဂုဏ်တော်များ ဝေဒ၌ ရှိနေသည်ဖြစ်ရာ ဆရာ ကြီးက ကျမ်းလာအတိုင်း ပြန်ကြားခဲ့၏။ တပည့် များကလည်း ဆရာကြီးအဖြေအရ ဘုရားဂုဏ်တွေ

သိရ၍ ဆရာကြီးနည်းတူ သဲပုံစေတီအား ဘုရား အာရုံပြု ပူဇော်ကြလေသည်။

## ပုလိနထူပိယထေရ်

ထို့ပြင် ပုလိနထူပိယတ္ထေ ရ-အပဒါန်၌ (အပဒါန-၂-၇၉)လည်း စေတီတည်ပုံ ပူဇော်ပုံ လာ၏။ ဟိမဝန္တာအနီး ယမကမည်သော တောင်သခ်မ်းကျောင်း၌ နာရဒ ရသေ့ဖြစ်စဉ် တပည့် တစ်သောင်းတို့က လုပ်ကျွေးကြ၏။ မိမိကသာ အပူဇော်၊ အလေးအမြတ်ခံရ၍ မိမိက ပူဇော်ရမည့်၊ အလေးအမြတ်ပြုရမည့်ပုဂ္ဂိုလ် မရှိဖြစ်နေရာ ပူဇော် ရမည့်အရာကို ရှာဖွေဖို့ အကြံဖြစ်ခဲ့၏။

ဤသို့ အကြံဖြစ်လျက် ကမ်းပါးကလည်း ပေါ်လွင်ထင်ရှား၊ ဆိပ်ကမ်းကလည်း သာယာ၊ စင်ကြယ်သော သဲများကလည်း ပေါများသော အမရိကာမြစ်သို့ ရောက်သွားကာ သဲပုံစေတီ တည်ခဲ့၏။

## စေတီတည်ပုံ

ယေ စာ အဟေသုံ သမ္ဗုဒ္ဓါ
ဘဝန္တကာရကာ မုနီ၊
တေသံ စေတာဒိသော ထူပေါ-
တံ နိမိတ္တံ ကရောမဟံ။

သမ္ဗုဒ္ဓါ= သဗ္ဗညုတင် ဉာဏ်တော်ရှင် ဖြစ်ကြကုန်သော၊ ဘဝန္တကာရကာ- ဘဝအဆုံးသတ်ရအောင် ပြုတတ်ကြကုန်သော၊ ယေတေ မုနီ-အကြင်ဘုရားရှင်တို့သည်၊ အဟေသုံ- ပွင့်တော်မူခဲ့လေကုန်ပြီ၊ တေသံ-ထိုဘုရားရှင်တို့၏၊ စေတာဒိသော-ထိုပုံ ထိုဟန် ထိုသဏ္ဌာန်ရှိသော၊ ထူပေါ-ပုထိုးစေတီသည်၊ ဟောတိ-ဖြစ်၏။ တံ နိမိတ္တံ-ထိုဘုရားရှင်တို့ စေတီပုံဟန် သဏ္ဌာန်အတိုင်းဖြစ်သောစေတီကို၊ အဟံ-ငါသည်၊ ကရောမိ-ပြုခဲ့ပေ၏။

ဤရသေ့ကား ရှေးဘုရားတို့ကိုလည်း သိ၏။ ရှေးဘုရားတို့ စေတီပုံဟန်ကိုလည်းသိ၏။ ယခင် ဒေဝီလရသေ့လို ဝေဒကျမ်းအရ သိခြင်းလော၊

ဤဥ္စကား အဆိုမလာ၊ သို့သော် ဤဘဝကနေ ဖြုတ်ပြည် ရောက်သည်ဆိုသောကြောင့် အဘိ ဉာဉ်ဖြင့်ပင် သိလေသလောဟုလည်း စဉ်းစားစရာ ဖြစ်ရပြန်ပါသည်။

## စေတီ၌ ပြုကျင့်ပုံ၊ အကျိုးရပုံ

မိမိ စေတီ၌ ပြုကျင့်ပုံကို ပြန်ပြောင်းဟောခဲ့၏။ မြတ်စွာဘုရား မျက်မှောက်မှာလို ဝမ်းသာအားရ ဖြစ်ကာ ည၊ နံနက် ပူဇော်ခဲ့ကြောင်း၊ ကိလေသာတွေ၊ ကာမ စသောစိတ်တွေ ဖြစ်လာသောအခါ ဘုရားရှင် ကို အမှီပြုနေရလျက် ကိလေသာတွေနှင့် ပေါင်းသင်း နေရခြင်းငှာ မသင့်ပါတကားဟု သဲပုံစေတီကို ဆင်ခြင် အောက်မေ့ကြောင်း၊ ဆင်ခြင်မိသည်နှင့် တစ်ပြိုင်နက် ထူပါ၌ ဂါရဝဖြစ်လာကြောင်း၊ ချွန်းဖြင့်ထိုးအပ်သော ဆင်ပမာ ကိလေသာတွေ ပျောက်ပယ်ခဲ့ကြောင်း မိန့်ဆိုခဲ့သည်။ (ဤလည်း စေတီ ပူဇော်သူတို့အတွက် နည်းယူရန် အချက် ပင်တည်း)။

ထိုနောက် ထိုဘဝက စုတေသော် ဗြဟ္မာ့ပြည် ရောက်ရပုံ၊ ဗြဟ္မာ့ပြည်မှ နတ်ပြည်၊ လူ့ပြည်တွင် စည်းစိမ်ခံစားရပုံ၊ ကုသိုလ်ပြုရာ၌ စေတီဟုတ် မဟုတ် အရေးမကြီး၊ အကျင့်သာ အရေးကြီးပုံတွေကို ဆိုခဲ့၏။

နောက်ဆုံးဘဝ သာဝတ္ထိပြည်ဝယ် ကြွယ်ဝ ချမ်းသာသော အမျိုးမှာဖြစ်ရကြောင်း၊ မိဘများက ဘုရားကိုးကွယ်သော အရိယာများဖြစ်ကြောင်း၊ မိဘ များက ဗောဓိ အပွေးအခေါက်ယူကာ ရွှေစေတီ တည်ခဲ့ကြောင်း၊ ဥပုသ်နေ့မှာ စေတီထုတ်လျက် ညဥ့်သုံးယံပတ်လုံး ဘုရားဂုဏ်တော် ကျူးရင့်ကြ ကြောင်း၊ ထိုစေတီ မြင်ရလျှင်ပင် မိမိမှာ ရေးက သဲပုံစေတီကို အမှတ်ရခဲ့ကြောင်း၊ တစ်နေ့ရာတည်း မှာပင် အရဟတ္တဖိုလ် ဆိုက်ရောက်ခဲ့ကြောင်း၊ ထိုနောက် ဆရာရှာခဲ့ရာ အရှင်သာရိပုတ္တရာ တွေ့ရ၍ အရှင့်ထံ ရှင်ပြုခဲ့ကြောင်း၊ ခုနစ်နှစ် အရွယ်မျှနှင့် ရဟန္တာဖြစ်၍ ဘုရားရှင်က မိမိဂုဏ်ကို သိတော်မူ၍ ရဟန်းပြုပေးတော်မူကြောင်း မိန့်ကြားတော်မူ ခဲ့သည်။

## စေတီပူဇော်ရခြင်း၏ အကျိုး

ဘုရားရှင်ကား မရှိတော့ပြီ။ ဘုရားကို ပူဇော်ရ၍ အကျိုးရှိသလို စေတီကိုပူဇော်ရသဖြင့် ဘယ်သို့ အကျိုးရနိုင်ပါသနည်း။ ဤအချက်ကို ဆက်လက် စိစစ်ကြပါဦးစို့။

ပစ္စုပ္ပန္နသညကတ္ထေရအပဒါန် (အပဒါန-၁-၁၆၇)၌ ထိုပစ္စုပန္နသညကမထေရ်က မိန့်ဆိုထားသည်မှာ မိမိသည် အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဘီလူးမျိုး၌ ဖြစ်ရ၍ ထိုအခါက အခြွေအရံများစွာရှိသူ၏ အဖြစ်သို့ ရောက်ခဲ့ရ၏။ မိမိသည် အရ မတော်လှပါတကား၊ စည်းစိမ်များစွာ ရှိနေစဉ် ဘုရားရှင် ပရိနိဗ္ဗာန်စံခဲ့၏။ ဤသို့ ယှူကျုံးမရဖြစ်နေစဉ် မိမိအကြံကိုသိ၍ မိမိကို ကယ်တင်လိုသော သာဂရ မထေရ်က မိမိထံ ရောက်လာခဲ့၏။ မိမိအားလည်း အားပေး တိုက်တွန်းခဲ့၏။

(က) ကိန္နု သောစသိ မာဘာယိ-
စရ ဓမ္မံ သုမေဓသော၊

အနုပ္ပဒိန္နာ ဗုဒ္ဓေန-
သဗ္ဗေသံ ဗိဇသမ္ပဒါ။

သုမေဓသော-ကောင်းသောပညာရှိ၊ ကိန္နု-
အဘယ်ကြောင့်၊ သောစသိ-ပူဆွေးနေရဘိသနည်း။
မာဘာယိ-မကြောက်ပါလေနှင့်၊ ဓမ္မံ-တရားတော်ကို၊
စရ-ပြုကျင့်အားထုတ်ပါလေ၊ ဗုဒ္ဓေန- ရှင်တော်
မြတ်ဘုရားသည်၊ သဗ္ဗေသံ-အလုံးစုံသော သတ္တဝါ
တို့အား၊ ဗိဇသမ္ပဒါ-ပုညခေတ်ဝယ် စိုက်ပျိုး
ဖွယ် မျိုးစေ့၏ ပြည့်စုံခြင်းကို၊ အနုပ္ပဒိန္နာ- အစဉ်
မပြတ် ပေးထားတော် မူအပ်ပါပေပြီ။

(ခ) ယော စ ပူဇေယျ သမ္ဗုဒ္ဓံ-
တိဋ္ဌန္တံ လောကနာယကံ၊
ဓာတုံ သာသပမတ္တမ္ပိ-
နိဗ္ဗုတဿာပိ ပူဇယေ။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ တိဋ္ဌန္တံ- သက်တော်
ထင်ထင် မျက်မြင်တည်ရှိနေသော၊ လောကနာ
ယကံ- လောက၏ အကြီးအကဲဖြစ်တော်မူသော၊
သမ္ဗုဒ္ဓံ- လောကထွတ်ထား မြတ်စွာဘုရားကို၊
စပူဇေယျ- အကယ်၍ ပူဇော်ငြားအံ့၊ နိဗ္ဗု

တဿာပိ– ပရိနိဗ္ဗာန် ဝင်စံတော်မူသော မြတ်စွာဘုရား၏သော်လည်း၊ သာသပမတ္တံ–မုန်ညင်းစေ့မျှဖြစ်သော၊ ဓာတုမ္ပိ– ဓာတ်တော်ကိုသော်လည်း၊ စေပူဇယေ–အကယ်၍ ပူဇော်ငြားအံ့။

(ဂ) သမေ စိတ္တပ္ပသာဒမှိ–
သမံ ပုညံ မဟဂ္ဂတံ။
တသ္မာ ထူပံ ကရိတွာန–
ပူဇေဟိ ဇိနဓာတုယော။

(တဿ–) မျက်မှောက်မျက်ကွယ် နှစ်သွယ်နှစ်စား ဘုရားကိုပူဇော်ရသော ပုဂ္ဂိုလ်၏၊ စိတ္တပ္ပသာဒမှိ–စိတ်၏ ကြည်ညိုခြင်းသည်၊ သမေ–တူခဲ့သည်ရှိသော်၊ ပုညံ–ကုသိုလ်တရားသည်၊ မဟဂ္ဂတံ–မြတ်သည်အဖြစ်သို့ ရောက်သည်ဖြစ်၍၊ သမံ–ထပ်တူညီမျှပင် ဖြစ်ပါပေ၏။ တသ္မာ–စိတ်ထားတူက အကျိုးပေးတူရသည်အဖြစ်ကြောင့်၊ ထူပံ–စေတီပုထိုးကို၊ ကရိတွာန–တည်ထားပြုလုပ်၍၊ ဇိနဓာတုယော– ဘုရားရှင်၏ ဓာတ်တော်တို့ကို၊ ပူဇေဟိ–လေးမြတ်ရိုသေ ပူဇော်ပါလေလော။

သာဂရမထေရ်၏ တိုက်တွန်းတော်မူချက်အရ ဘုရားစေတီတော် တည်ထား ငါးနှစ်ပတ်လုံး လုပ်ကျွေးခဲ့၍ အရဟတ္တဖိုလ်ရခဲ့ကြောင်း၊ ဤဘဝမှ ကမ္ဘာခုနစ်ရာ၌ ကြီးမားသော ပညာရှိသော၊ များပြားသော ဖိုလ်ပါရှိသော၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းတရား လေးပါး ဖြစ်ခဲ့ရဖူးကြောင်း မိန့်ကြားခဲ့သည်။

## ကောင်းလှသော အကြောင်းပြ

ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အဇာတသတ်မင်းကြီးသည် မိမိရသောဓာတ်တော်တို့ဖြင့် စေတီများ တည်ထား ပူဇော်ခဲ့၏။ ထိုအခါ ဥပါသိကာတစ်ဦး ထိုမြတ်စွာဘုရား စေတီတော် ပူဇော်မည်ဟု ဆပ်သွားဖူးပန်း လေးပွင့် ယူအလာ သားငယ်ရှိသော နွားမအဝှေ့ ခံရ၍ စုတေခဲ့ရာ သိကြားမင်း ဥယျာဉ်တော် အပျော်ကစားအထွက် အတူပါ နတ်ကချေသည် နှစ်ကုဋေငါးသန်းကို လွှမ်းမိုးကာ အရောင်အဝါ တောက်ပစွာဖြင့် ရထားနှင့်တကွ ထင်ရှားဖြစ်

လာ၏။ သိကြားမင်းလည်း အံ့ဩမဆုံးဖြစ်၍ သူ့အကြောင်း မေးမြန်းပြန်ရာ သူ့ကုသိုလ် သူ့အကြောင်း ပြောပြပြန်တော့ ပိုပြီး အံ့ဩရပြန်၏။ ထို့ကြောင့် မာတလိအမှူးထားလျက် နတ်အများကို ဩဝါဒ ပေးခဲ့၏။ စေတီပူဇော်ရာဝယ် အကျိုးရခြင်း အကြောင်းကို ပြရာ၌ လွန်စွာ ခိုင်လုံလှသောကြောင့် သိကြားဩဝါဒ အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

## သိကြားဩဝါဒ ဂါထာများ

(၁) ပဿ မာတလိ အစ္ဆေရံ-
စိတ္တံ ကမ္မဖလံ ဣဒံ၊
အပ္ပကမ္ပိ ကတံ ဒေယျံ-
ပုညံ ဟောတိ မဟပ္ဖလံ။

မာတလိ-မာတလိ၊ ပဿ-ရှုစမ်းပါတော့လော၊ စိတ္တံ-မကြံနိုင်ဖွယ် ဆန်းကြယ်လှသော၊ ဣဒံ-ကမ္မဖလံ-ဤကုသိုလ်ကံ အကျိုးကား၊ အစ္ဆေရံ-အံ့ဩဖွယ်ရာ ကောင်းလှပါပေစွ၊ ကတံ- ခေတ်ကောင်း၌ ကောင်းစွာ ပြုအပ်သော၊ အပ္ပကမ္ပိ-အနည်းငယ်မျှလည်းဖြစ်သော၊ ဒေယျံ-အလှူဝတ္ထု

သည်၊ မဟာပွလံ-ကြီးကျယ်များပြားသည့် အကျိုးအာနိသင် ရှိသည်၊ ဟောတိ-ဖြစ်ပါပေ၏။

(၂) နတ္ထိ စိတ္တေ ပသန္နမှိ-
အပ္ပကာနာ့မ ဒက္ခိဏာ၊
တထာဂတေ့ဝါ သမ္ဗုဒ္ဓေ-
အထ ဝါ တဿ သာဝကေ။

စိတ္တေ-စိတ်တရားသည်၊ ပသန္နမှိ-သဒ္ဓါရည်ရွှင်အနည်စင်လဲ့ကြည်လင်ခဲ့သည်ရှိသော်၊ တထာဂတေ-ရှေးဘုရားများ အတူသိတော်မူသော၊ သမ္ဗုဒ္ဓေဝါ-ဘုရားရှင်၌သော်လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ တဿ-ထိုရှင်တော်မြတ်ဘုရား၏၊ သာဝကေဝါ-တပည့်သာဝက သံဃာ၌သော်လည်းကောင်း၊ ဒက္ခိဏာ-အလှူဒါနသည်၊ အပ္ပကာနာမ-နည်းသည်မည်သည်၊ နတ္ထိ-မရှိပါပေ။

(၃) ဧဟိ မာတလိ အမှေပိ
ဘိယျော ဘိယျော မဟေမသေ
တထာဂတဿ ခါတုယော
သုခေါ ပုညာနမုစ္စယော။

မာတလိ-မာတလိ၊ ဧဟိ-လာလှည့်ပါလော၊ အမေ့ပိ-ငါတို့သည်လည်း၊ တထာဂတဿ-ရှင်တော်မြတ်ဘုရား၏၊ ခါတုယော- ခါတ်တော်တို့ကို၊ ဘိယျော ဘိယျော-အတိုင်းထက် သာလွန်ကဲစွာ၊ မဟေမသေ-ပူဇော်ကြပါကုန်စို့၊ ပုညာနံ-ကုသိုလ်ကောင်းမှုတို့၏၊ ဥစ္စယော-ဆည်းပူးများပြားတိုးပွားလာခြင်းသည်၊ သုခေါ-ချမ်းသာကြောင်းသာဖြစ်ပါပေသတည်း။

(၄) တိဋ္ဌန္တေ နိဗ္ဗုတေစာပိ
သမေ စိတ္တေ သမံဖလံ။
စေတောပဏိဓိ ဟေတု ဟိ
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေ-သက်တော်ထင်ရှား မြတ်ဘုရား၌သော်လည်းကောင်း၊ နိဗ္ဗုတေစာပိ-ပရိနိဗ္ဗာန်ဝင်စံကြွသွား မြတ်ဘုရား၌သော်လည်းကောင်း၊ စိတ္တေ-ကုသိုလ်ဟိတ်များ စိတ်တရားသည်၊ သမေ-တူမျှသည်ရှိသော်၊ ဖလံ-ဆက်ဆက်တိုးပွား အကျိုးတရားသည်လည်း၊ သမံ-တူမျှမြဲသာ ဖြစ်ပါပေသတည်း။

ဟိ–ထိုစကား သင့်ပါပေစွ၊ သတ္တာ–သူသူငါငါ သတ္တဝါမှန်သမျှတို့သည်၊ စေတောပဏိဓိဟေတု–စိတ်ထားကောင်းခြင်း အကြောင်းရင်းမှန် အခြေခံအရ၊ သုဂ္ဂတိံ–သုဂတိဘဝသို့၊ ဂစ္ဆန္တိ–လားရောက်ကြလေကုန်သတည်း။)

(၅) ဗဟူနံ ဝတ အတ္ထာယ–
ဥပ္ပဇ္ဇန္တိ တထာဂတာ။
ယတ္ထကာရံ ကရိတွာန
သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ဒါယကာ–အလှူဒကာ ဒကာမတို့သည်၊ ယတ္ထ–အကြင်ဘုရားရှင်တို့၌၊ ကာရံ–ပူဇော်သက္ကာရကို၊ ကရိတွာန–ပြုကြကုန်၍၊ သဂ္ဂံ–နတ်ပြည်သို့၊ ဂစ္ဆန္တိ–ရောက်ကြရလေကုန်၏၊ တေတထာဂတာ– ထိုဘုရားရှင်တို့သည်၊ ဗဟူနံ–နတ် ဖြဟ္မာ လူသူအများတို့၏၊ အတ္ထာယ–အကျိုးငှာ၊ ဥပ္ပဇ္ဇန္တိဝတ–ဖြစ်တော်မူပါပေကုန်စွတကား။

ဝိမာန–၆၆–၄–၁၈၅–၆

## ဘုရားစေတီနှင့် အချို့အမြင်

ရုပ်တုတစ်ခုကို ဘုရားရှင်ကိုရည်ရွယ်၍ ဘုရားရုပ်တုဆင်းတုအဖြစ် ထုလုပ်ခိုင်း၏။ ထိုရုပ်တုကား ဘုရားကိုယ်တော်စားအဖြစ် ကိုးကွယ်ထိုက်၏။ ထိုရုပ်တုပြီးသည်နှင့် စေတီဖြစ်တော့၏။ အကြောင်းမှာ ဘုရားရှင်ကိုယ်တော်တိုင် ပူဇော်ခွင့် ပြုထားခဲ့သည်တစ်ကြောင်း၊ ပူဇော်ကိုးကွယ်သူကလည်း ဘုရားကို ရည်ရွယ် တည်ထားသည်ကတစ်ကြောင်း ထိုအကြောင်းတို့ကြောင့် ထိုစေတီမှာ ဂုဏ်တော်တွေ ရောက်နေ၏။ ထိုစေတီကိုဖူးရတိုင်း၊ အာရုံယူရတိုင်း ဂုဏ်တော်တွေ ပေါ်လာသည်မှာ ထိုစေတီ၌ ဘုရားဂုဏ် ရှိသကဲ့သို့ပင် ဆိုနိုင်သည် မဟုတ်ပါလော။

ဘုရားဓာတ်တော်များမှာ ဘုရားနှင့် တစ်သားတည်း ဆက်စပ်ခဲ့သည်တစ်ကြောင်း၊ ပရိဘောဂများမှာလည်း အသုံးအဆောင်များအဖြစ် ဆက်စပ်ခဲ့သည်တစ်ကြောင်း၊ တရားတော်များမှာလည်း ဘုရားဉာဏ်တော်မှ ပေါက်ပွားလာရ၍ ဆက်သွယ်မှု ရှိနေသည်ပင်တစ်ကြောင်းတို့ကြောင့် ထိုစေတီများ၌

လည်း အာရုံပြုတိုင်း ထင်ပေါ်လာသော ဂုဏ်တော်တွေ ကိန်းဝပ်နေသကဲ့သို့ပင် ရှိပါပေ၏။ သို့ဖြစ်လျှင် ထိုရုပ်တု၊ ဗောဓိထူပါ စသည်တို့မှာ သာမန်အရုပ်သစ်ပင် ထူပါတို့နှင့် နှိုင်းခိုင်းနိုင်ပါအံ့လော။ ဤအချက်ကို နားမလည်သော အချို့သူတို့က အရုပ်ချင်း၊ အုတ်ချင်း၊ သြောင်ပင်ချင်း ဘာထူးသလဲဆိုသော စောဒကမျိုး တင်လာတတ်ကြ၏။ ဗုဒ္ဓဘာသာတို့၏ စေတီ ပုထိုး ကိုးကွယ်မှုသဘာဝကို နားမလည်သောကြောင့်ပင်။

## မန်လည်ဆရာတော်ဘုရားကြီးနှင့် အင်္ဂလိပ်အရေးပိုင်

တစ်ခါက အင်္ဂလိပ်အရေးပိုင်တစ်ယောက် မန်လည်ဆရာတော်ဘုရားကြီးထံ ရောက်လာခဲ့၏။ ထိုအရေးပိုင်က မန်လည်ဆရာတော်ဘုရားကြီးကာ် စောဒကတင်လာ၏။ လှေကားကိုလည်းကောင်း၊ စေတီကိုလည်းကောင်း လက်ညှိုးညွှန်လျက် "ဘုန်းကြီး–ဘုန်းကြီးတို့ဟာ ဟိုအုတ်ပုံကိုတော့ ရှိခိုးတယ်၊ ဒီအုတ်ပုံကိုတော့ ခြေထောက်နဲ့ နင်းတယ်၊

ဒါက ဘယ်လိုလဲ” အရေးပိုင်အမေး ကြားရတော့ ဆရာတော်ဘုရားကြီးက “ဒီကောင် - စာတွေ ပေတွေနဲ့ ပြောလို့တော့ နားလည်မှာမဟုတ်ဘူး၊ သူနားလည်နိုင်တဲ့စကားနဲ့ ပြောမှပဲ”ဟု စဉ်းစားကာ အရေးပိုင်ကို မေးခဲ့၏။

“မင်းမှာ အမေရှိသလား”

“ရှိပါတယ်”

“မင်းအမေဟာ မိန်းမပဲနော်”

“ဟုတ်ပါတယ်၊ မိန်းမပါပဲ”

“မင်းမှာ မယားကောရှိသလား–”

“ရှိပါတယ်”

“မင်းမိန်းမရော မိန်းမပဲမဟုတ်လား”

“ဟုတ်ပါတယ်၊ မိန်းမပါပဲ”

“အေး–မင်းအမေလဲ မိန်းမ၊ မင်းမယားလဲ မိန်းမ၊ မိန်းမချင်း အတူတူဖြစ်ပါလျက်နဲ့ ဘာလို့ မင်းအမေ မင်းမယူဘဲ တခြားမိန်းမ ယူရသလဲ”

ဤအမေးက အရေးပိုင်မင်းကြီးကို သဘော ပေါက်စေခဲ့၏။ အရေးပိုင်မင်းကြီးလည်း ခေါင်း တညိတ်ညိတ်နဲ့ ကျေနပ်သွားတော့သတဲ့။

## ဘုရားနှင့် စေတီ မကွဲသူတွေ

ဗုဒ္ဓဘာသာများ၌လည်း ဘုရားနှင့် စေတီ မကွဲပြား နားလည်မှု မရှိသူတွေ ရှိကြသေး၏။ ရုပ်တု စေတီပင် ဘုရား၊ ဘုရားဆိုတာ ဤရုပ်တု၊ ဤစေတီပင်ဟု ကလေးများအထင်၊ ကလေးများ အမြင်အသိလောက် အသိရောက် ကိုးကွယ်နေကြသူတွေ ရှိကြသေး၏။

ထိုသူများအတွက်ကား ဘုရားပျောက်နေတတ်၍ ယခင် အရေးပိုင်ကြီးယူဆသလို ဖြစ်နေကြရ၏။ ဤအရာ၌ သင်္ဂဇာဆရာတော်၏ စကားပုံထဲက "ကရင်မ မိပိုး နတ်ကိုးသလို"ဆိုသကဲ့သို့ ဖြစ်နေတော့၏။ လူများ နတ်ကိုးကွယ်ကြသည်က တကယ့်နတ်ကတစ်မျိုး၊ ယခုနတ်စင်က နတ်ကအရုပ်၊ တကယ့်နတ်မဟုတ် ဤသို့ ခွဲခြားနားလည်ကြ၏။ ကရင်မ မိပိုးကတော့ ဤသို့ မခွဲခြားတတ်၊ ဤနတ်ရုပ်ကြီးကိုပင် တကယ့်နတ် ထင်နေ၏။ နတ်ရုပ်၌ လိမ်းကျံ ဆင်ယင်ထားသော ပန်းနံ့သာ အဝတ်တန်ဆာတို့ကို လူတွေ ဆင်ပေးထားသည်ဟု မသိ၊

နတ်က သူ့ဘာသာရှာ ဆင်ယင်လိမ်းကျံထားသည် ထင်၏။ တစ်နေ့ မိပိုးက ဒေါနပန်းယူ နတ်စင်သွားပြီး ပန်ဆင်တော်မူပါဟု တောင်းပန်လျက် လက်ထဲထည့်၏။ နတ်က အရုပ်ပဲ၊ ဘယ်လှုပ်ပါ့မလဲ၊ သို့သော် တကယ့်နတ်ထင်နေတဲ့ မိပိုးက မကျေနပ်။ ထို့ကြောင့် နတ်ကို အားမလိုအားမရနဲ့ အပြစ်တင်လိုက်သတဲ့၊ သူအပြစ်တင်လိုက်တာက– "နတ်နတ်နဲ့ တို့အိမ်က ငမှတ်လောက်မှ ဖျတ်ဖျတ်လတ်လတ် မရှိဘဲကိုး" တဲ့။

## မိမိ အခြင်းသာ

တချို့ မိမိတို့ ခေါင်းဆောင်ကြီးတို့၏ အရုပ်တွေ၊ တိုင်းပြည်အထိမ်းအမှတ် ကျောက်တိုင်တွေ အလေးပြုကြ၏။ တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ခဲ့တဲ့ ကျေးဇူးဂုဏ်၊ တိုင်းပြည်၏ဂုဏ် အာရုံပြု အလေးပြုကြခြင်းဖြစ်၏။ မိမိတို့က ထိုသို့ ရုပ်တု ကျောက်တိုင်တွေ၊ ဗိမာန်တွေ အလေးပြုနေပါလျက် ဗုဒ္ဓဘာသာတို့ စေတီ ပုထိုး ရုပ်တု ကိုးကွယ်

မှုကိုတော့ ဝေဖန်ချင်ကြ၏။ ဤကား နားမလည်သောကြောင့်ပင်။ ဗုဒ္ဓဘာသာတို့ စေတီ ပုထိုးကိုးကွယ်ကြသည်မှာ ဘုရားရှင်၏ တရားတော်အရ အလေးပြုခြင်းဖြစ်၏။ ထိုသို့ ဘုရား တရားတော်တွေအား အလေးပြုခြင်းဖြင့် မိမိ သန္တာန်မှာလည်း ကောင်းမြတ်သောတရားတွေ ရလာခဲ့၏။ ဘုရားတရားတွေကလည်း အထင်အရှား၊ မိမိသန္တာန်မှာဖြစ်လာတဲ့ တရားတွေကလည်း အထင်အရှား၊ ထိုကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ စေတီကိုးကွယ်မှု၌ လက်တွေ့ အာနိသင် အထင်အရှားဖြစ်ရာ ထိုအာနိသင်ကို မမြင်၊ မရနိုင်သူတို့က အပြင်အပ ဗဟိဒ္ဓ အသွင်အမြင်ကလေးမျှနှင့် ဝေဖန်ကြသည်မှာ စတုမဓုကို မစားဖူးသူက မသိ အသာမနေဘဲ စတုမဓု ခါးသည်ဆိုက မိမိ အကြောင်း ပြသလိုသာ ရှိပေတော့မည်တကား။

## ပလ္လင်ဟူသည် အဘယ်နည်း

စေတီနှင့် စပ်၍ သိမှတ်ဖွယ်ရာများကို ပြခဲ့ပါပြီ။ ယခုအခါ စေတီ ပုထိုးများ၌ အောက်ခံခုံမှာ

ပလ္လင်ဖြစ်သလော၊ မဖြစ်သလော သိသာရန် ပလ္လင်နှင့် စပ်၍ သိမှတ်ဖွယ်ရာများကို ပြရပါတော့မည်။

ပလ္လင်ဆိုသည်မှာ ပလ္လင်္ကဟူသော ပါဠိမှ ပြောင်းလဲလာသော ပါဠိသက် ဝေါဟာရဖြစ်၏။ သို့ဖြစ်လျှင် ပလ္လင်အနက်မှာ အဘယ်နည်း၊ အဘယ်ကို ပလ္လင်ခေါ်သနည်း။

## ညောင်စောင်း ခုတင်

အမရကောသ အဘိဓာန်၌ "ဝယနံ မဥ္စပယင်္ကော် ပလျင်္ကာခဋ္ဋယာ သမာ" ဟု ညောင်စောင်းခုတင်ဟော ပရိယတ်ငါးခု လာခဲ့ရာ ပလ္လင်္ကနှင့်တူသော "ပလျင်္က"ပါဝင်ခဲ့၏။ အဘိဓာနပ္ပဒီပိကာ၌လည်း "ပလ္လင်္ကော တု စ မဥ္စကော"ဟု ခုတင်ညောင်စောင်းဟော ပရိယတ်နှစ်ခု လာ၏။ ဤအလို ပလ္လင်္ကမှာ ညောင်စောင်း၊ သို့မဟုတ် ခုတင်ဟောတည်း။

## အင်းပျဉ်ထိုင်ခုံ

အရှင်သိဂ္ဂဝ မထေရ်သည် မောဂ္ဂလိပုတ္တအားအိမ်ခုနစ်နှစ်လုံး ဆွမ်းခံခဲ့ရာ တစ်နေ့ အရှင်မောဂ္ဂလိ

ပုတ္တာ တိဿအလောင်း သူငယ်နှင့် စကားပြောခွင့်ရဖို့ရာ သူ့ပလ္လင်မှတစ်ပါး အခြားပလ္လင် မရှိစေအောင် အမိန့်ပြုခဲ့၏။ ထိုသူငယ်လုလင်၏ ခုတင်နှင့် အင်းပျဉ်ကို သူမရှိသောအခါ အဝတ်ဖြူလွှမ်းလျက် ချိတ်ဆွဲထားမြဲဖြစ်၏။ ထိုနေ့ အမိန့်ထားသည့်အတိုင်း သူ့ပလ္လင်မှတစ်ပါး အခြား ထိုင်စရာမရှိ၍ အိမ်ကလူများက သူ့ပလ္လင်ကို ခင်းပေးရ၏။ "မာဏဝဿ ပလ္လင်္ကံ အတ္ထရိတွာ ထေရဿ အဒါသိ"ဟု လာရာ ထိုပလ္လင်္ကဆိုသည်မှာ ထိုလုလင်၏ ပီဌအင်းပျဉ်ထိုင်ခုံပင် ဖြစ်၏။ ထို့ကြောင့် ဤအရာ၌ ပလ္လင်္ကမှာ ပီဌအင်းပျဉ်ထိုင်ခုံကိုလည်း ဟော၏။

ဇနကဇာတ်အဋ္ဌကထာနှာ(၅၀)၌ သမုဿိတ သေတစ္ဆတ္တေ ရာဇပလ္လင်္ကေ နိသီဒိတွာ"ဟု လည်းကောင်း၊ "စတုရဿ ပလ္လင်္ကံဿ ဥဿီသကံ ဓာနိတုံ သမတ္ထာဿ ရဇ္ဇံ ဒေထ"ဟု လည်းကောင်း လာရှိခဲ့ရာ ပလ္လင်္ကသဒ္ဒါအိပ်ရာပလ္လင်(ခုတင်ညောင်စောင်း)နှင့် ထိုင်ရာပလ္လင်(အင်းပျဉ်ထိုင်ခုံ)နှစ်မျိုးဖြစ်နိုင်သည်ကို တွေ့ရ၏။

## ပလ္လင်အစားစား

ထိုပလ္လင်များကား ပုဂ္ဂိုလ်အစားစားအလိုက် နေရာအမျိုးမျိုးပင်ဖြစ်သည်။ နတ် နဂါးများမှာတော့ ရတနာပလ္လင်ဟု သိရ၏။ စူဠတဏှာသင်္ခယသုတ်လာ သိကြားမင်းက အရှင်မောဂ္ဂလာန်အား နေဖို့ ဖိတ်မန်သော "နိသိဒ မာရိသ မောဂ္ဂလ္လာန ဣဒမာသနံ ပညတ္တံ"၌ "အာသန"မှာ"ယောဇနိကံ မဏိပလ္လင်္ကံ ပညပေတွာ. ဇဝ မာဟ"ဆိုသောကြောင့် ပတ္တမြားပလ္လင်ဟု သိရ၏။

ကသ္မီရဂန္ဓာရတိုင်း သာသနာပြု မဇ္ဈန္တိကမထေရ်အား အာရဝါဠ နဂါးမင်းက ခင်းပေးသော ပလ္လင်မှာ "အထ နာဂရာဇာ အတ္တနော ရတနမယံ ပလ္လင်္ကံ အာဟရာပေတွာ ထေရဿ ပညပေသိ"အရ ရတနာပလ္လင်ဖြစ်ကြောင်း သိရ၏။

ဝိ-၅-၁၄၉

ဇေတဝန်ကျောင်းတော်အနီး တိတ္ထိတွေ ကျောင်းလာဆောက်ကြသောကိစ္စနှင့် စပ်၍ အမိန့်တော်ရှိရန် ကြွလာသော မြတ်စွာဘုရားကို ကောသလမင်းကြီး

က နန်းတွင်းပင့်ပြီး "သာရပလ္လင်္ကော် နိသိဒါပေထွာ ယာဂုခဇ္ဇကံ အဒါသိ"၌ သာရပလ္လင်္ကဟုလာရာ အသားအနှစ်တို့ဖြင့် ပြုလုပ်ထားအပ်သော ပလ္လင် ဟု ဆိုဖွယ်ရှိ၏။

နှောင်းခေတ် မြန်မာမင်းများလက်ထက် ပလ္လင် တော် ရှစ်ခန်းဟု လာခဲ့ရာ "ဘမရာသန"ပလ္လင်မှာ အိပ်စက်ရာပလ္လင်ဖြစ်၍ "သီဟာသန"စသော ကျန်ပလ္လင်ခုနစ်ခုမှာ ထိုင်စရာနေရာ အထူးများဖြစ်၍ အသားအမျိုးဖြင့် ပြုလုပ်ထားသော ပလ္လင်များပင်။

## အပရာဇိတ ပလ္လင်တော်

မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်ရာ ပလ္လင်ကား အဘယ်နည်း။ ဘုရားရှင်၏ ဘုန်းတော် တန်ခိုးတော်တို့ကို ကြည်ညိုကြ၍ သာမန် ပလ္လင် အဖြစ်ကို မလိုလား၊ ထူးခြားသော ပလ္လင်အဖြစ်ကို အလိုရှိကြသော ဆရာများက ရတနာခုနစ်ပါးဖြင့် ပြီးသော ပလ္လင်အဖြစ် ကြံခဲ့ကြ၏။ "စုဒ္ဒသဟာ ထွော"ဟု လာရှိသည်ကိုလည်း အမြင့်ဖြစ်သည်၊ အပြန့်ဖြစ်သည်ဟု အမျိုးမျိုးပင် ဆုံးဖြတ်ကြ၏။

အဋ္ဌကထာဆရာကြီးများလည်း ဘုရားကို အလွန်ကြည်ညိုကြသည်သာ၊ တကယ့် ရတနာခုနစ်ပါးဖြင့်ပြီးသော ပလ္လင်ဖြစ်လျှင် တခမ်းတနား ဖွင့်ကြမည်မှာ သေချာပါ၏။ ထိုသို့ကား မဖွင့်ကြ၊ မြက်အခင်းအဖြစ်သာ ဖွင့်ကြပါသည်။

## အဋ္ဌကထာအဖွင့်များ

ဗုဒ္ဓဝံသဋ္ဌကထာ-၃၃၇၌ "ဗောဓိသတ္တော တတ္ထစုဒ္ဒသဟတ္ထေ တိဏသန္ထရေ တိသန္ဓိပလ္လင်္ကံ အာဘုဇိတွာ(ပ) နိသီဒိ" ဘုရားအလောင်းသည် ၁၄-တောင်ရှိသော မြက်အခင်း၌ သုံးပါးသော အစပ်ရှိသော တင်ပျဉ်ကို ဖွဲ့ခွေ၍ (ပ)ထိုင်နေခဲ့၏။ ထိုအခင်းကိုသာ ပန်းချီဆရာ အရေးအကြောင်းဆွဲထားသလို ဖြစ်နေကြောင်းဖြင့် ဖွဲ့ထားပါသည်။

ထို့အတူ ဇာတကဋ္ဌ(ပ)၈၃၌လည်း အလွန်ကျွမ်းကျင်သော ပန်းချီ၊ ပန်းပုတို့ မရေးမထုနိုင်လောက်သော ပုံဟန်မျိုးဖြင့် ထိုမြက်များတည်နေကြောင်း မိန့်ဆိုခဲ့ပါသည်။ အဋ္ဌသာလိနီ နိဒါန

ကထာ(၇)၌လည်း "တိဏာနိ သန္ထရိတွာ"ဟု သာမညသာ လာခဲ့ပါသည်။

နောင်အခါ၌လည်း ဘုရားရှင် ထိုင်တော်မူသောနေရာ၊ "ပလ္လင်"ဟု သုံးသောနေရာ အမှတ်မထားမိပါ။ "ပညတ္တေ အာသနေ"ဟုလည်းကောင်း၊ "ပညတ္တဝရဗုဒ္ဓါသနေ"ဟု လည်းကောင်း ဤသို့စသည်ဖြင့် သုံးထားသည်ကိုသာ တွေ့ရပါသည်။ ဇေတဝန်စသော ကျောင်းတော်ကြီးများ၌လည်း ခမ်းနားသော ဓမ္မာသနပလ္လင်များလည်း ရှိလိမ့်မည်ပင် ဖြစ်ပါလိမ့်မည်။

ယခုခေတ် ဆင်းတုတော်များ ထိုင်တော်မူရာ ပလ္လင်များကို သစ်သား၊ အင်္ဂတေ၊ ကျောက်ဖန်မှန်များဖြင့် ခမ်းနားလှပ ဆန်းကြယ်လှစွာ ပြုလုပ်ကိုးကွယ်ကြ၏။ မြန်မာ့ယဉ်ကျေးမှု အနုပညာတစ်ရပ်လည်းဖြစ်၊ ကိုးကွယ်ပူဇော်သူမှာလည်း ကုသိုလ်အထူးဖြစ်၍ ကောင်းပါ၏။ သို့သော် ဘုရားရှင် ထိုင်တော်မူသော ဓမ္မာသန ပညတ္တာသနစသည့် ပလ္လင်တို့မှာ ရှေးခေတ်ဟန်တစ်မျိုး ဖြစ်ဖွယ်ရှိသည်ဟု ခန့်မှန်းရပါသည်။

ဆင်းတုတော်စံနေရာ အောက်ပလ္လင်ကို ပလ္လင်ဟု ခေါ်သော်လည်း မြေပေါက်စေတီ ပုထိုးများ၏ အောက်ခံကို ပလ္လင်ဟု မဆိုကြ၊ ပန်းတင်ခုံဟုသာ ခေါ်ကြပါသည်။ ပလ္လင်္ကမှာ ထိုင်ဖွယ်၊ အိပ်ဖွယ်နေရာ ဖြစ်ရာ ထိုသို့ထိုင်ခြင်း၊ အိပ်ခြင်းမရှိသော စေတီ ပုထိုးတို့၌ ပလ္လင်္ကလည်း ရှိဖွယ်မလိုဟု ယူဆပါသည်။ ပလ္လင်ခုံဟု အချို့သုံးထားသည်ကိုတော့ အနည်းငယ် တွေ့ရပါသေး၏။

## ဖိနပ်ဟုလည်း ခေါ်သေး၏

မြန်မာနိုင်ငံရှိ စေတီရိုးရိုးတစ်ဆူ၏ အစိတ်အပိုင်းတို့ကို လိုရင်းမျှ ရေတွက်ပြရသော် ရှေးဦးစွာ မြေပေါ်၌ ပန်းတင်ခုံ၊ သို့မဟုတ် ဖိနပ်ဟုခေါ်သော စတုရန်းအုတ်ခုံရှိ၏။ ထို့အထက် ပလ္လင်အောက်ပိုင်း သဏ္ဌာန် ပစ္စယာ သုံးဆင့်ကို တည်ဆောက်ကြ၏။ ပစ္စယာများ အထက်တွင် ကြေးပန်းကြေးဝိုင်း၊ ထို အထက် ခေါင်းလောင်းပုံနှင့် သပိတ်မှောက်၊ ထို အထက် ဖောင်းရစ်များ၊ ထိုအထက် ကြာမှောက် ရွဲနှင့် ကြာလန်၊ ယင်းအထက်တွင် ချရားသီး၊

သို့မဟုတ် ငှက်ပျောဖူး၊ ယင်းအထက်တွင် ထီး ငှက်မြတ်နားနှင့် စိန်ဖူးတို့ ဖြစ်သည်။

(မြန်မာ့စွယ်စုံ အတွဲ-၃-၄၂၉)

## ဘုရားစေတီတို့ကို မရိုသေမှု

ယခုအခါ ဗုဒ္ဓအဂါရဝ စေတီယအဂါရဝတို့ကို ပြပါဦးမည်။ စေတီတော်တို့၌ ရိုသေတတ်ဖို့ လည်းကောင်း၊ ယခု ပြနေသော စေတီ ပန်းတင်ခုံတက်မှုနှင့် စပ်၍ ယှဉ်စပ် လေ့လာရန်လည်းကောင်း ပြရခြင်း ဖြစ်ပါသည်။

ဧတ္ထ ပန ယောဘိက္ခု သတ္ထရိစရမာနေ တီ
သုဋ္ဌာနေသု ဥပဋ္ဌာန နယာတိ၊
သတ္ထရိ အနုပါဟနေစင်္ကမန္တေ သ
ဥပါဟနော စင်္ကမတိ၊
နီစေ စင်္ကမေ စင်္ကမန္တေ ဥစ္စေ စင်္ကမေ စင်္ကမတိ၊
ဟေဋ္ဌာ ဝသန္တေ ဥပရိ ဝသတိ။ ။
သတ္တုဒဿနဋ္ဌာနေ ဥဘော အံသေ ပါရုပတိ၊
ဆတ္တံ ဓာရေတိ၊ ဥပါဟနံ ဓာရေတိ၊ နှာယတိ၊

ဥစ္စာရုံဝါ ပဿာဝံဝါ ကရောတိ၊ ပရိနိဗ္ဗုတေ ဝါ ပန စေတိယံ ဝန္ဒိတုံ နဂစ္ဆတိ၊ စေတိယဿ ပညာယနဋ္ဌာနေ သတ္ထုဒဿနဋ္ဌာနေ ဝုတ္တံ သဗ္ဗံ ကရောတိ၊ အယံ ပန သတ္ထရိ အဂါရဝေါနာမ။။

အဘိ–၄–၂–၄၈၉

ဆက်ဦးအံ့။ ဤအဂါရဝတို့တွင် အကြင်ရဟန်းသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် သုံးပါးသော ဌာနတို့၌ ဆည်းကပ်ရန်မသွား၊ မြတ်စွာဘုရား ဖိနပ်မပါဘဲ စင်္ကြံကြွတော်မူသည်ရှိသော် ဖိနပ်ရှိသည်ဖြစ်၍ စင်္ကြံသွား၏။ မြတ်စွာဘုရား နိမ့်သောစင်္ကြံ၌ စင်္ကြံသွားသည်ရှိသော် မြင့်သောစင်္ကြံ၌ စင်္ကြံသွား၏။ မြတ်စွာဘုရား အောက်၌ နေသည်ရှိသော် အထက်၌နေ၏။ မြတ်စွာဘုရား မြင်လောက်ရာ အရပ်၌ ပခုံးစွန်းနှစ်ဖက်ခြုံထား၏။ ထီးဆောင်းထား၏။ ဖိနပ်စီး၏။ ရေချိုး၏။ ကျင်ကြီး ကျင်ငယ် စွန့်၏။

ပရိနိဗ္ဗာန်စံတော်မူပြီးသော် စေတီကိုရှိခိုးခြင်းငှာ မသွား၊ စေတီထင်ရှားရှိရာအရပ်၌၊ မြတ်စွာဘုရား

မြင်ရာအရပ်၌ ဆိုအပ်သော၊ အလုံးစုံသော အမှုကို ပြု၏။ ဤရဟန်းသည် ဘုရား၌ မရိုသေသူ မည်၏။

## ရှင်းလင်းချက်

စေတီထင်ရှားရာအရပ်၌၊ မြတ်စွာဘုရား မြင်ရာအရပ်၌ ဆိုအပ်သော၊ အလုံးစုံသောအမှုကိုပြု၏ ဆိုရာ၌ စေတီတော် ထင်ရှားရာအရပ်၌ ပခုံးစွန်းနှစ်ဖက်ခြုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း ကျင်ကြီး ကျင်ငယ် စွန့်ခြင်းများကို ဆိုပါသည်။

အချို့ ဤ "ဥဘောအံသေ ပါရုပတိ" အရ သင်္ကန်းရုံလျက် ဘုရားရှိခိုးဖို့ သံသယဖြစ်ကြ၏။ မြို့တွင်း ရွာတွင်း ဘုရားနှင့်အတူ ဆွမ်းစားကြွရာ စသည်၌ အိမ်မှာ ဘုရားမြင်ရာ၌ သင်္ကန်းရုံဖြင့် ထိုင်ရသည်သာဖြစ်ရာ "ဥဘောအံသေ ပါရုပတိ" အရ သင်္ကန်းရုံကို မဆိုလို၊ စောင်ခြုံသလို နှစ်ဖက်ရစ်သိုင်းခြုံသည်ကိုသာ ဆိုလိုကြောင်း ထင်ရှားပါ၏။ "မိုင်းခိုင်း ဆရာတော်ကြီး၏ တိပေဋကဝိနိစ္ဆယ၌ ကြည့်"။

စေတီထင်ရှားရာ၌ ဆိုရာ စေတီကအဝေးမှပင် ထင်ရှားမြင်နေသည် မဟုတ်ပါလော။ ဆိုဖွယ်ရှိ၏။ ဤနေရာ၌ ဆရာမြတ်တို့ကား တံတိုင်းရှိလျှင် တံတိုင်း၊ တံတိုင်းမရှိက အများပူဇော်ရာအရပ်ကို စေတိယပဉ္ဉာယနဌာန (စေတီထင်ရှားရာအရပ်) ဖြစ်ကြောင်း မိန့်ဆိုတော်မူကြ၏။

ဤ၌ သက်တော်ထင်ရှား ဘုရားအရာ၌ ဘုရားက အောက်၊ မိမိက အထက်နေခြင်းကို အာပတ်ရ ဆိုသော်လည်း စေတီအရာ၌ကား စေတီက အောက်၊ မိမိက အထက်နေခြင်းမပါခဲ့။ ဤသို့ဆိုသဖြင့် စေတီက အောက်၊ မိမိက အထက် နေထိုက်သည်ဟု တထစ်ချ ဆိုခြင်းမဟုတ်သေး၊ စဉ်းစားရန် တင်ပြခြင်းသာ ဖြစ်ပါသည်။

## စေတိယင်္ဂဏ(စေတီရင်ပြင်)

ပရိဝါရဋ္ဌကထာမှ ဗုဒ္ဓအာပတ်ရ ပြပါဦးမည်။ တခြားအချက်တွေ မထူးခြားသော်လည်း စေတိယင်္ဂဏအတွက် ပြဆိုချက် အထူးပါလာသဖြင့် စေတိယင်္ဂဏနှင့် စပ်၍ မှတ်သားသင့်သေး၏ဟု ပြဆိုရခြင်း ဖြစ်ပါသည်။

စေတီဗောဓိကို ရှိမခိုးရာ၌ ယခုခေတ် အချို့ ရွှေတိဂုံစသော စေတီတော်ကြီးများရှိရာ ကုန်းတော်သို့ ရောက်လျက် ရှိမခိုးဘဲ ဆင်းသွားတတ်ကြ၏။ ဤသည်လည်း အဂါရဝပင် ဖြစ်တော့သည်။

ဗုဒ္ဓေ အဂါရဝါဒီသု ယော ဗုဒ္ဓေဝရမာနေ ဥပဋ္ဌာနံ နဂစ္ဆတိ၊

ပရိနိဗ္ဗုတေ စေတိယဋ္ဌာနံ ဗောဓိဋ္ဌာနံ၊ နဂစ္ဆတိ၊ စေတိယံဝါ ဗောဓိဝါ နဝန္ဒတိ၊ စေတိယင်္ဂဏေ သဆတ္တော သ ဥပါဟနော စရတိ၊ နတ္ထေတဿ ဗုဒ္ဓေဂါရဝေါတိ ဝေဒိတဗ္ဗော။

ဝိ-၅-၄-၁၅၂။

ဗုဒ္ဓေအဂါရဝ စသည်တို့တွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဆည်းကပ်ခြင်းငှာမသွား၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော် စေတီတည်ရာ ဗောဓိတည်ရာအရပ်သို့ မသွား၊ စေတီ ဗောဓိကိုရှိမခိုး၊ စေတီရင်ပြင်၌ ထီးဆောင်း၊ ဖိနပ်စီးလျက် လှည့်လည်၏။ ထိုပုဂ္ဂိုလ်အား ဘုရား၌ ရှိသေခြင်းမရှိဟု သိအပ်၏။

ဤအဋ္ဌကထာအရ စေတိယင်္ဂဏ (စေတီရင်ပြင်)၌ ထီးဆောင်း၊ ဖိနပ်စီးခြင်းကို အဂါရဝဟု သိရ၏။ စေတိယင်္ဂဏ(စေတီရင်ပြင်)ဆိုသည်မှာ အဘယ်နည်း။

## စေတိယင်္ဂဏအရ

"ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဥပါဟနော အဂမာသိ"ဟုလည်းကောင်း၊ "စေတိယင်္ဂဏေ ခိတ္တမာလာဝိယ မိလာယိတ္ဝာ"ဟုလည်းကောင်း၊ သိလက္ခန္ဓဝဂ္ဂသာမညဖလ သုတ္တဋ္ဌကထာ(၁၂၆)၌ "စေတိယင်္ဂဏေ"သဒ္ဒါနှစ်ခု လာ၏။ ပထမ စေတိယင်္ဂဏေသဒ္ဒါကို ဋီကာက "စေတိယင်္ဂဏေတိ ဂန္ဓပုပ္ဖါဒီဟိ ပူဇနဋ္ဌာနဘူတေ စေတိယဿ ဘူမိတလေ" စေတိယင်္ဂဏဟူသည် နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ရာဌာနဖြစ်သော စေတီ၏ မြေအပြင်၌ဟု ဖွင့်၏။

ဤဋီကာအရဆိုလျှင် ဗိမ္ဗိသာရမင်းကြီး စေတီရင်ပြင်၌ ဖိနပ်စီးသွားဖူးသတဲ့ ဆိုသော အဋ္ဌကထာ

၌ စေတိယင်္ဂဏာဆိုသည်မှာ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ရာဌာနကို ယူရမည်ဖြစ်၏။ သာမန်စေတီဝင်း ရင်ပြင်ကို ဆိုသည်မဟုတ်။

သို့သော် ဤဋီကာစကားကို လယ်တီဆရာတော်ကြီးက စိစစ်ခဲ့၏။ ၎င်းအဋ္ဌကထာ၌ ပြဆိုခဲ့ပြီး ပါဠိများအရ စေတိယင်္ဂဏာ နှစ်ပုဒ်လာခဲ့ရာ ဋီကာအဖွင့်မှာ "စေတိယင်္ဂဏေ ခိတ္တမာလာဝိယ" စေတီအပြင်၌ ပစ်ထားအပ်သော ပန်းကဲ့သို့ဟူသော နောက် စေတိယင်္ဂဏာနှင့် လျော်၏။ စေတီရင်ပြင်၌ ဖိနပ်စီးသွားသည်ဆိုသော ရှေ့စေတိယင်္ဂဏာနှင့် မလျော်၊ ဋီကာဆရာ ရှေ့နောက် စေတိယင်္ဂဏာ နှစ်ပါးတွင် နောက်စေတိယင်္ဂဏာအတွက် ဖွင့်ရမည့် အနက်ကို ရှေ့စေတိယင်္ဂဏာ၌ ဖွင့်မိလျက်သားရှိခဲ့၏။ ထို့ကြောင့် စေတီရင်ပြင်၌ ဖိနပ်စီးခဲ့သည်ဆိုသော စကားက စေတိယင်္ဂဏာမှာ ရာဇင်္ဂဏာ နန်းရင်ပြင်၊ ဗောဓိယင်္ဂဏာ ဗောဓိရင်ပြင်စသည်၌ နန်းဝင်း ဗောဓိဝင်း မြေတလင်းယူရသလို စေတီဝင်းအပြင် ယူသင့်ကြောင်း ဆုံးဖြတ်တော်မူခဲ့၏။

မိုင်းခိုင်းဆရာတော်ကြီးကား စေတိယင်္ဂဏ အရ တံတိုင်းရှိလျှင်တံတိုင်း၊ တံတိုင်းမရှိလျှင် အများ ပူဇော်ရာအရပ်ကို စေတိယင်္ဂဏ ယူတော်မူသည်။

## ဂန္ဓကုဋိရှိခိုးခြင်း

မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်တော်ကို အရှင် အာနန္ဒာမထေရ် ရှိခိုးကြောင်း ဇေတဝန် ပဝိသိတ္ဝာ ဒသဗလေန ဝသိတဂန္ဓကုဋိံ ဝန္ဒိတ္ဝာ ဒွါရံ ဝိဝရိတ္ဝာ (ဇေတဝန်ကျောင်းတိုက်သို့ ဝင်လျက် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ဂန္ဓကုဋိကို ရှိခိုးပြီးလျှင် တံခါးကိုဖွင့်၍)စသည်ဖြင့် သိလက္ခန် အဋ္ဌကထာ နိဒါန်း သံဂါယနာတင်ခန်း(၈)၌ မိန့်ဆိုခဲ့၏။ ဂန္ဓကုဋိတိုက်ကို အရှင်အာနန္ဒာ ဘာကြောင့်ရှိခိုးရ သည်ကို ၎င်းဋီကာက– "ဂန္ဓကုဋိံ ဝန္ဒိတ္ဝာ ပရိ ဘောဂစေတိယ ဘာဝတောတိ အဓိပ္ပာယော"ဟု မိန့်၏။ ဂန္ဓကုဋိ ဝန္ဒိတ္ဝာ၌ အဋ္ဌကထာ အလိုမှာ ပရိဘောဂစေတီ ဖြစ်သောကြောင့် ရှိခိုးခြင်းဖြစ်၏ ဟူသတည်း။

## စေတီဖြစ်လျက် တက်ရသလား

ပရိဘောဂစေတီဖြစ်သောကြောင့် အရှင်အာနန္ဒာ ဂန္ဓကုဋိကို ရှိခိုးသည်။ ထိုနောက် တံခါးဖွင့် အမှိုက်ရှင်း သုတ်သင်ခြင်း စသောအမှုတွေ ပြုခဲ့၏။

စေတီဖြစ်သောကြောင့် ရှိခိုးထိုက်သည် မှန်၏။ သို့သော် တက်ရောက်သွားလာရမည့်၊ နေထိုင်ရမည့် ဌာနဖြစ်သောကြောင့် တက်ရောက်နေထိုင် သွားလာနိုင်သည်။ ရှိခိုးခြင်းက တစ်ဌာန၊ တက်ရောက်နေရသည်က တစ်ဌာနဆိုရသော စေတီများ ရှိနိုင်သည်ကို သိရပါ၏။

ပရိဘောဂဖြစ်သော မဟာဗောဓိများ၌လည်း ထိုနည်းတူပင် ရှိခိုးထိုက်ပါ၏။ သို့သော် အကြောင်းရှိ၍ သစ်ပင်ပေါ်တက်ရခြင်း စသည်ကိုကား ပြုနိုင်ပါ၏။ မရိုမသေ မလေးမစား တက်ဆော့ခြင်း စသည်ကိုကား မပြုအပ်ပါပေ။

ဤနေရာ၌ ပြောစရာရှိပါ၏။ ပရိဘောဂစေတီသာ ဤသို့ပြုနိုင်၏။ ဓာတုစေတီကတော့ မပြုနိုင်ပါ၊ ဓာတုက ပရိဘောဂထက် မြတ်သည်။ ဤသို့

ပြောမည်ဆိုက ပြောနိုင်သောအကြောင်းတော့ ရှိပါ၏။ အဘယ်ကြောင့်ဆိုသော် ပရိဘောဂထက် ဓာတုက မြတ်သည်ဆိုသော အထောက်အထား ရှိနေသောကြောင့်တည်း။

## အထောက် သာဓက

သဓာတုကံပန ထူပံဝါ ပဋိမံဝါ ဗောဓိမာနံ
ဗောဓိသာခဥ္စ ဆိန္ဒိတုံဝဋ္ဋတိ၊ သစေ ပိ တတ္ထ
နိလိနာ သကုဏာ စေတိယေဝစ္စံ ပါတေန္တိ၊
ဆိန္ဒိတုံဝဋ္ဋတိယေဝ ပရိဘောဂ စေတိယတော ဟိ
သာရီရိကစေတိယံ မဟန္တတရံ။

အဘိ၄-၂-၄၀၈

ဆက်ဦးအံ့။ ဓာတ်တော်ရှိသော စေတီပုထိုးကိုဖြစ်စေ၊ ဆင်းတုတော်ကိုဖြစ်စေ ဖျက်ဆီးသော ဗောဓိညောင်ကိုင်းကို လှဲဖြတ်ခြင်းငှာ အပ်၏။ ထိုညောင်ကိုင်း၌ နားကြသောငှက်တို့သည် စေတီ၌ ကျင်ကြီး စွန့်ကြသည်ဖြစ်အံ့၊ ထိုအကိုင်းကို ဖြတ်ခြင်းငှာအပ်သည်။ ထိုစကားမှန်၏၊ ပရိဘောဂစေတီထက် သာရရီက စေတီက သာလွန်မြင့်မြတ်၏။

ဆိုခဲ့ပြီး အဋ္ဌကထာ၌ကောက်ချက်

ဗောဓိပင်ကိုဖြတ်လျှင် အနန္တရိယကံနှင့် တူသော ဝန်လေးလှသောကံ ဖြစ်သည်ဟု အဆိုရှိ၏။ သို့သော် ထိုဗောဓိထက် ပိုမြတ်သော ဓာတ်တော်ကိန်းရာ စေတီဆင်းတုကို ဗောဓိကိုင်းက ဖျက်ဆီးမည်ပြုလျှင် ထိုဗောဓိကိုင်းကို ဖြတ်နိုင်သည်ဆိုပါ၏။ ပြုသင့်သောအမှုဖြစ်၍ စေတနာကောင်းရှိနေလျှင် ဗောဓိပင်ကိုဖြတ်သော်လည်း အပြစ်မရှိဖြစ်ရ၏။ ဤသို့ဆိုလျှင် စေတနာကောင်း မကောင်း၊ အလေးထား မထားမှာ ရိုသေ မရိုသေ ဆုံးဖြတ်ရာ၌ ချိန်ခွင်တစ်ရပ်ပင် ဖြစ်ပါတော့သည်။

စေတီထိပ်တက်

ဒီဃဝါပီစေတီ၌ အင်္ဂတေ လိမ်းကျံမှု ပြုလုပ်နေစဉ် ရဟန်းငယ်တစ်ပါး မုဒ္ဓဝေဒိကာခေါ် ထီးအောက်အကြည်အခြေမှ စေတီဝမ်းဖြင့် လိမ့်ကျလာ၏။ အောက်က ရဟန်းများက ဓဇဂ္ဂသုတ်ဆင်ခြင်

ငါ့ရှင်ဟု ဆိုကြ၏။ သေဘေးမှ ကြောက်လှ၍ ထိုရဟန်းငယ်သည်လည်း ဓဇဂ္ဂပရိတ်က ငါ့ကို စောင့်ရှောက်ပါစေဟု ဆိုခဲ့၏။ ထိုအခါမှာပင် စေတီဝမ်းမှ အုတ်နှစ်ချပ်ပေါ်လာပြီး လှေကားအဖြစ် တည်ခဲ့၏။ အထက်က ရဟန်းများက နွယ်လှေကားကို ချပေးကြ၏။ ထိုရဟန်းငယ် လှေကားပေါ် ရောက်လျှင်ပင် အုတ်ချပ်များက နေမြဲနေရာ ပြန်တည်ကြ၏။

(သံ-၄-၁-၃၁၂)

ဤအဋ္ဌကထာအဆိုအရ အပေါ်တက် ဆောင်ရွက်ရမည့် ကိစ္စရှိလျှင် စေတီအပေါ်တက် ဆောင်ရွက်နိုင်ကြောင်း သိရ၏။

## မဟာစေတီ ပစ္စယံတက်

ဆိုခဲ့ပြီး စေတီ၌ ဓာတ်တော်ရှိ မရှိ မသိရ၊ ဓာတုစေတီပင် ထင်ရ၏။ မဟာစေတီကြီးကား ဓာတ်တော်တွေ များလှသတတ်။ ထိုစေတီကြီး၏ ပစ္စယံသို့တက်ကြောင်း အထောက်အထားတွေ့ရ၏။

## ပစ္စယံအပေါ်တက် ပန်းပူဇော်ပုံ

နောင်အခါ ယက်ကန်းသည်မ ကန်းမလင် ရှင်လူထွက်ဟု ထင်ရှားသော တန်ခိုးရှင် ကိုရင်လေး က သူ့ဥပဇ္ဈာယ်ဆရာတော် အလွန်ကြည်ညိုစွာ မဟာစေတီကို ပူဇော်ရှိခိုးနေသည်ကို မြင်ရ၍ ပန်း ဖြင့် ပူဇော်ရ မကောင်းပါလားဟု လျှောက်ထား၏။ မထေရ်က ဤစေတီလောက် ဓာတ်တော်တွေ ဌာပနာရာ စေတီမရှိ၊ ပန်းဖြင့်ပူဇော်ရ မကောင်းဘဲ ရှိပါမည်လောဟု အမိန့်ရှိရာ တန်ခိုးဖြင့် ပန်း ဆောင်ယူလာလျက် မထေရ်ကြီးအား ဆက်ကပ်၏။ ရေစစ်ကလေးဖြင့် ထုပ်လာသောပန်းဖြစ်၍ ပန်းက နည်းလှပါတကားဟု မထေရ်ကမေးရာ ဘုရား ဂုဏ်တော်အောက်မေ့ပြီး ပူဇော်သာပူဇော်ပါဘုရားဟု လျှောက်ထားခဲ့၏။ ဤတွင် မထေရ်အရှင်က စေတီတော်အနောက်မုခ်ဘက်က လှေကားဖြင့် တက် လာကာ စေတီပစ္စယာ၌ ပန်းပူဇော်ကြောင်း ပစ္စယာ ပြည့်ပြီးနောက် အောက်အပြင်ကျလာကြောင်း၊ ထိုမှ ဒူးဆစ်အထိမျှ လျှံကာ အောက်ခြေဖိနပ် ကျရောက်

ပြည့်လျက် စေတီတစ်ပြင်လုံး ပန်းတွေဖုံးသွားကြောင်း ဆိုပါသည်။

ထေရော ပစ္စိမမူခနိဿိတေန သောပါနေန အာရုယှ ကုစ္ဆိဝေဒိကာ ဘူမိယံ ပုပ္ဖပူဇံ ကာတုံ အာရဒ္ဓေါ၊ ဝေဒိကာဘူမိပရိပုဏ္ဏာ၊ ပုပ္ဖာနိ ပတိတွာ ဒုတိယ ဘူမိယံဇဏ္ဏုပမာဏေန ဩဓိနာ ပူရယိံသု၊ တတော ဩတရိတွာ ပါဒပိဋ္ဌိကပန္တိ ပူဇေသိ၊ သာပိ ပရိပူရိ၊ ပရိပုဏ္ဏဘာဝံ ဥတွာ ဟေဋ္ဌိမတလေ ဝိဟာရန္တော အဂမာသိ၊ သဗ္ဗစေတိယင်္ဂဏံ ပရိပူရိ။

(အဘိ-၄-၂-၂၇၉)

## မြန်မာပြန်

မထေရ်သည် အနောက်ဘက်မုခ်၌ မှီသော လှေကားဖြင့် တက်၍ ပစ္စယာအပြင်၌ ပန်းပူဇော်မှု ပြုခြင်းငှာ စတင် အားထုတ်ခဲ့၏။ ပစ္စယာအပြင်မှာ ပြည့်လျှံခဲ့၏။ ပန်းတွေ အောက်ကျလျက် ဒုတိယ အဆင့်အပြင်၌ ဒူးဆစ်ပမာဏအဖို့ဖြင့် ပြည့်စေခဲ့၏။ ထိုမှ လျှောသက်လျက် ခြေဖမိုးအစဉ် (ဖိနပ်

တော်)ကို ပူဇော်ခဲ့၏။ ထိုဖိနပ်တော်လည်း ပြည့်ခဲ့၏။ ပြည့်သည်ကိုသိ၍ အောက်အပြင်သို့ ကြွချသွားခဲ့၏။ စေတီရင်ပြင်တစ်ခွင်လုံး ပန်း ဖုံးပြည့်သွားတော့သည်။

## ဝေဒိကာ သုံးမျိုး

ဤ၌ "ကုစ္ဆိဝေဒိကာ"ဟု "ဝေဒိကာ" တစ်မျိုးလာ၏။ သီဟိုဠ် စေတီတို့၌ ဝေဒိကာသုံးမျိုး ရှိကြောင်း အောက်ပါဋီကာအရ သိရ၏။

စေတိယေ ဆတ္တဿ ဟေဋ္ဌာ ကာတဗ္ဗဝေဒိကာ၊ ဆတ္တဝေဒိကာ၊ စေတိယံ ပရိက္ခိပိတွာ ပဒက္ခိဏကရဏဋ္ဌာနံ အန္တော ကတွာ ကာတဗ္ဗဝေဒိကာ ပုဋ္ဌဝေဒိကာ၊ စေတိယဿ ကုစ္ဆိံ ပရိက္ခိပိတွာ တံ သမ္ဗန္ဓမေဝ ကတွာ ကာတဗ္ဗဝေဒိကာ ကုစ္ဆိဝေဒိကာ

(ဒီ-ဋီ-၂-၂၁၉)

စေတီတော် ထီးအောက်ဤပြုအပ်သော လေးထောင့်အကြည်သည် ဆတ္တဝေဒိကာမည်၏။ စေတီတော်ကို ကာရံ၍ အရိုအသေပြုရာ အရပ်ဌာနကို

အတွင်းသွင်း၍ပြုအပ်သော စိန်တောင်တံတိုင်းသည် ပုဋ္ဌဝေဒိကာမည်၏။ စေတီဝမ်းကိုရုံ၍ ယိုဝမ်းနှင့် တစ်စပ်တည်းသာ ပြုလုပ်အပ်သော ပစ္စယာသည် ကုစ္ဆိဝေဒိကာ မည်၏။

ဝေဒိကာ သဒ္ဒါ ဝရန်တာ၊ ပွတ်တိုင်ဝရန်တာ၊ လက်ရမ်း၊ စိန်တောင်၊ ပန်းတင်ပစ္စယာ၊ ထိုင်ခုံ အကြည်ဟူသော အနက်များဟောကြောင်း အဘိဓာန် ရာမ အဘိဓာန်နိဿယ၌ ဆို၏။ အကျယ်ကို ၎င်းနိဿယ၌ ကြည့်။

ယခင်ဆိုခဲ့ပြီး သမ္မောဟ ဝိနောဒနီ၊ ဉာဏ ဝိဘင်း အဋ္ဌကထာပါဌ်ထုတ်ပြသည်မှာ ရဟန္တာ မထေရ် လှေကားဖြင့်တက် ပန်းတင် ပစ္စယာ ၌ပန်း ပူဇော်ခဲ့ကြောင်း သိရန်ဖြစ်ပါ၏။

## သာဓကများ၌ မှတ်ချက်

ယခင်က ပရိဘောဂစေတီဖြစ်၍ တက်ရသည်။ ဓာတုစေတီက ပရိဘောဂစေတီထက် မြတ်သည်ဟု

တောဒနာခဲ့ရာ ယခု ထိုခေတ်စေတီများ၌ပင် တက်ခဲ့သော သာဓကရှိကြောင်း သိသာရန်ဆိုခဲ့ပြီး သာဓကများ ထုတ်ဆောင်ခဲ့ရခြင်း ဖြစ်သည်။

ဤ၌ ကုစ္ဆိဝေဒိကာ ပန်းတင်ပစ္စယာဆိုသည်မှာ ယခု မြန်မာပြည် စေတီတော်တို့၏ အောက်ခံစေတီတည်ရာ ပန်းတင်ခုံလိုအရာကိုပင် ဆိုခြင်း ဖြစ်ပါလိမ့်မည်။

## ပစ္စယံ ပစ္စယာ

မြန်မာ့ဝေါဟာရ၌ ပစ္စယံ ပစ္စယာဆိုသည်မှာ စေတီတော်၏ အခြေဆင့် (အများအားဖြင့် သုံးဆင့်တည်လေ့ရှိသည်) ဟု မြန်မာ့အဘိဓာန်ဆို၏။

စေတီတော်၏ကိုယ်လုံးတော်သည် ဖိနပ်တော်မှ အထက်သို့ ပစ္စယာသုံးဆင့် မြင့်တက်လာသည်။ ပစ္စယာသုံးဆင့်၏အမြင့်မှာ စုစုပေါင်း ၆၂–၃၈ ပေ ရှိသည်။

ဤပစ္စယာကား ယခင် ကုစ္ဆိဝေဒိကာအရ ပစ္စယာမဟုတ်၊ ယင်းပစ္စယာကိုကား စေတီတော်သည် ပန်းတင်ခုံအထက်၌ တည်၍ စေတီ၏ ပတ်ပတ်

လည်တွင် ပေ–၂၀ ခန့် အကျယ်အဝန်းရှိလေသည်။ ထိုနေရာကို အထက်ပစ္စယာဟုလည်း ခေါ်ကြသည်။ စင်စစ် စေတီတော်၏ ပထမပစ္စယာဖြစ်သည်။ ဤ အဆိုအရဖြစ်၏။ ဆိုခဲ့ပြီးအဆိုမှာ "မြတ်ဘုရား ရွှေတိဂုံ"မှ ဖြစ်၏။

## သာဓက တစ်ရပ်

တစ်ချိန်က အရှင်မဟာကဿပအလောင်းက သူဌေးသားဖြစ်ချိန် ဘဒ္ဒါကာပိလာနီအလောင်းက လည်း သူဌေးသမီးဖြစ်ခဲ့၏။ ကဿပဘုရားရှင် လက်ထက်က ဖြစ်၏။ သူဌေးသမီးကို သူဌေးသားထံ ပို့သောအခါ ရှေးက မကောင်းမှုကြောင့် ကိုယ်အနံ့ က လွန်စွာနံစော်လှသဖြင့် သူဌေးသားက လက်မခံ ပြန်ပို့ရ၏။

ဤနည်းအတိုင်း ခုနစ်ဌာနတို့၌ ပြန်ရသည် ချည်း ဖြစ်ခဲ့၏။ ထို ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခဲ့ရာ ရှင်တော်မြတ်စေတီတော်ကို အဖိုး

တစ်သိန်းတန် ရွှေအုတ်တို့ဖြင့် တစ်ယူဇနာမျှ ပမာဏရှိအောင် တည်ခဲ့ကြ၏။ ဆိုခဲ့ပြီး သူဌေးသမီး မှာလည်း ငါ့မှာ ခုနစ်ကြိမ် အပယ်ခံရမှတော့ အသက်ရှင်နေဖို့ပင် မကောင်းတော့ပါဘူးဟု မိမိ လက်ဝတ်လက်စား ရွှေတွေကို ဖျက်ဆီးလျက် ရွှေ အုတ်လုပ်စေ၏။ ထိုရွှေအုတ်ကား အလျား တစ်တောင်၊ အနံတစ်ထွာ၊ စောက်လက်လေးသစ် ရှိ၏။ ဆေးဒါန်းမြင်းသီလာတုံး ကြာခုနစ်လက် တို့ကို ယူကာ စေတီတော်တည်ရာ သွားခဲ့၏။ ထိုအခါ စေတီရံစီလာသောအုတ်တန်း၌ တစ်ချပ်စာ လိုနေခိုက်ဖြစ်၏။ ထိုနေရာ မိမိအုတ် ထားပေးဖို့ ပန်းရန်ဆရာကိုပြောရာ သမီး အချိန်ကောင်းမှာ ရောက်လာတာပဲ၊ ကဲ သမီးကိုယ်တိုင် ထားပေတော့ ဟု ပန်းရန်ဆရာကပြော၏။ ဤနေရာ၌ သူဌေး သမီးကိုယ်တိုင် စေတီတက်စီချကြောင်းလာ၏။

သာ အာရယှ တေလေန ဟရိတာလမနော သိလံ ယောဇေတွော တေန ဗန္ဓနေန ဣဋ္ဌကံ ပတိဋ္ဌာ ပေတွာ ဥပရိ အဋ္ဌဟိ ဥပ္ပလဟတ္ထကေဟိ ပူဇံ ကတွာ ဝန္ဒိတွာ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ မေ ကာယတော

စန္ဒနဂန္ဓော ဝါယတု မုခဘော ဥပ္ပလဂန္ဓောတိ ပတ္တန် ကတွာ စေတိယံ ဝန္ဒိတွာ ပဒက္ခိဏံ ကတွာ အဂမာသိ။

အံ-၄-၁-၁၃၂

ထိုသူဌေးသမီးသည် အပေါ်တက်၍ ဆီဖြင့် ဆေးဒါန်းမြင်းသီလာကို ရောနယ်၍ ထိုအတွယ်အဖွဲ့ ဖြင့် အုတ်ကိုစီထားလျက် အပေါ်က ကြာညိုပန်း ရှစ်လက်ဖြင့် ပူဇော်မှုပြုပြီးလျှင် ရှိခိုး၍ ဖြစ်ရာ၊ ဖြစ်ရာဌာနၶ ငါ၏ကိုယ်မှ စန္ဒကူးနံ့ လှိုင်စေ သတည်း၊ ခံတွင်းမှ ကြာညိုပန်းနံ့ လှိုင်စေသတည်း ဟု ဆုတောင်းလျက် စေတီတော်ကို ရှိခိုး၍ လက်ယာရစ်လှည့်ပြီး သွားလေ၏။

ဤ၌လည်း သူဌေးသမီး စေတီတော်ပေါ်သို့ တက်သည်ဟု လာ၏။ ဘယ်မျှအထိ တက်သည်ဟု မလာ၊ စေတီကမပြီးသေး၍ တက်ခြင်းဖြစ်သည်ဟု ဆိုက ဆိုနိုင်၏။ သို့သော် ရှိခိုးသည်ဆိုခြင်းကြောင့် ပူဇော်ထိုက်နေပါပြီ။ ထိုအခါက ဓာတ်တော်တော့ စေတီထဲရောက်နေပြီး ဖြစ်ပါလိမ့်မည်။ ဤသည် လည်း စေတီပေါ် တက်သင့်သောအခါ ရှိသေ

လေးစားလျက် တက်နိုင်ကြောင်း တွေ့ရသော သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။

## ပန်းတင်ခုံပေါ် တက်သင့်သလော

ဗုဒ္ဓအဂါရဝ (ဘုရားစေတီ၌ မရှိသေမှု)မှာ ဘယ်လိုအပြုအမူမျိုးများဖြစ်ကြောင်း အဋ္ဌကထာများ အဆိုကို ပြခဲ့ပါပြီ။ ထိုအဂါရဝများတွင် ပန်းတင်ခုံ တက်ခြင်းမျိုးကို အဂါရဝအဖြစ် ထည့်သွင်းထား သည်ကို မတွေ့ရ။

သို့သော် နောက်စဉ်းစားဖွယ်အဖြစ် သက်တော် ထင်ရှားဘုရားကအောက်၊ မိမိကအထက်နေခြင်းကို အဂါရဝဆိုသော်လည်း စေတီကအောက်၊ မိမိက အထက် ဖြစ်နေခြင်းကို အဂါရဝ မဆိုခဲ့သည်ကိုကား ပြောစရာရှိပါ၏။

စေတီက ဆင်းတုတော်ဖြစ်လျှင် မိမိက ထို ဆင်းတုတော်ထက် မြင့်ရာကမနေအပ်ပေ၊ အကယ် ၍ မတတ်သာ၍ နေခွင့်ကြုံလာသောအခါ၌လည်း ရှိခိုး ခွင့်ပန်နေထိုင်ခြင်းမှာ အဂါရဝ လွတ်ကင်းဖို့ ရှိပါသည်။

ဤ၌လည်း စေတီအောက်ခုံပေါ် တက်ကောင်းသည် ဆိုလျှင်တော့ ကုလားထိုင်စသည်တွင် ထိုင်နေသူက စေတီထက် မြင့်သွားသည်ဟု မဆိုနိုင်ပါ။

သို့ဖြစ်လျှင် ထိုပန်းတင်ခုံပေါ် တက်ရောက်ဖူးမြော်ခွင့် ရှိ၊ မရှိ ဘယ်သို့ သိရမည်နည်း။

**မတက်မနေအပ်ဟု ဆုံးဖြတ်ဖို့မလွယ်**

မိမိနောက်ကဆိုခဲ့ပါပြီ။ ဘုရားဆိုသည်မှာ ရှိသေလေ ကောင်းလေဖြစ်၏။ ထိုပန်းတင်ခုံကို ရှိသေ လေးစား၍ မတက်သူကို အပြစ်ဆိုဖွယ်မရှိပါ။

ထိုပန်းတင်ခုံ၌ စေတီရံတွေကလည်းရှိ၏။ အောက်ဘက်ပတ်ဝန်းကျင်က စေတီတွေ၊ ဆင်းတုတွေကလည်း ရှိနေ၏။ တက်ဖို့ ဝန်လေးဖွယ်တော့ ဖြစ်ပါ၏။ သို့ဖြစ်ရာ နီးနီးကပ်ကပ် ဘုရားဖူးလိုသူ၊ သမာဓိရ၍ တက်ရောက် တရားနှလုံးသွင်းလိုသူ စသော လိုလိုလားလားရှိသူများအတွက် အဂါရဝ ဖြစ်ဖို့ ရှိ မရှိ စဉ်းစားသင့်ပါ၏။ ဂါရဝ အဂါရဝမှာ စိတ်ထားကောင်းမှု၊ မကောင်းမှု လေးစားမှု၊

မလေးစားမှုတို့နှင့် ဆိုင်နေရာ ထိုပုဂ္ဂိုလ်တွေအဖို့ မလေးမစား အဂါရဝစိတ်ထားတော့ ဖြစ်ဖို့မရှိပါ။ နေရာဌာနက ပန်းတင်ခုံဆိုသော်လည်း အစဉ်အလာအားဖြင့် အများသွားလာရာ၊ သံဃာတော်များ အနေကဇာတင်ခြင်း စသည်ဖြင့် အချို့ အခမ်းအနားကျင်းပရာ အချို့ ဘုရားဖူးမြော်ရာ၊ ပုတီးစိပ်ရာ၊ တရားနှလုံးသွင်းရာ ဌာနအဖြစ်ဖြင့် တည်ခဲ့ရာ ထိုဌာနမှာ မတက်ရောက်အပ်သော ဌာန၊ မနေအပ်သော ဌာနဟု ဆုံးဖြတ်ဖို့ရာ မလွယ်လှပါ။

## ပြုရမည့် တာဝန်က

မိမိတို့သည် တရားဟော စသည်တို့အတွက် မထေရ်ကြီးတွေထက်မြင့်ရာ တရားပလ္လင်ထက် တက်လိုသောအခါ ကန်တော့ပြီး တက်ရာ၏။

ဆရာသမား၊ မိဘ၊ ရဟန်း သံဃာစသည် ရှိသေထိုက်သောပုဂ္ဂိုလ်များအား တက်နင်းသောအခါ ကန်တော့ပြီး တက်နင်းရ၏။ အမြင့်နေဖို့ အခွင့်ကြုံသောအခါ ရှိခိုးတောင်းပန် အခွင့်ပန်ပြီးမှ တက်နေရ၏။

သို့ဖြစ်လျှင် ယခု ပစ္စယာ၌ တက်လိုနေလိုသော အခါလည်း ဘုရားရှင်ထံ ရှိခိုးတောင်းပန် အခွင့်ပန်လျက် တက်ရောက်ကာ လိုရာပူဇော်မှု စသည်ပြုက အပြစ်ကင်းဖွယ်ရှိသည်ဟု ထင်မြင်မိပါသည်။

## စဉ်းစားနိုင်လောက်ပါပြီ

အပျော်အပါးအဖြစ်တက်ခြင်း၊ မလေးမစား အရေးမထားသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် တက်ရောက် လှည့်လည်ခြင်း၊ စေတီယ အဂါရဝအရာ၌ပြုသော အဂါရဝမှုတို့ကို ပြုခြင်းစသော အဂါရဝအချင်းအရာများကင်းလျက် ရိုသေလေးစားသော ကိုယ်၊ နှုတ်၊ စိတ်ထား အပြုအမူများဖြင့် တက်ရောက် ပူဇော်သောပုဂ္ဂိုလ်အား- "အဂါရဝ"အပြစ် သင့်ရောက်ဖွယ် မရှိပါ။

ဤအချက်ကို နောက်ဆိုခဲ့ပြီးသော အဋ္ဌကထာများအလာ အဂါရဝဆိုင်ရာ အဆိုများအရလည်းကောင်း၊ စေတီပေါ် ဘယ်အရပ်မှာဘယ်အခါ၊ ဘယ်အခါက တက်ရောက်ခဲ့ကြောင်း အဆိုများအရလည်းကောင်း စဉ်းစား တွေးခေါ်နိုင်လောက်ပါပြီ။

နောက်ဆုံးပြောရလျှင် စေတီပေါ်တက်ရောက်မှု ရှောင်ရှားသော ပုဂ္ဂိုလ်သည်လည်း အပြစ်ကင်း သန့်ရှင်းလျက်ပင် ဆိုရသလို စိတ်ကောင်း နှလုံးကောင်းဖြင့် တက်ရောက် ပူဇော်သူအဖို့လည်း အပြစ်တင်ဖွယ် မထင်၊ ဖြူစင်သန့်ရှင်းလျက်ရှိသည်ဟု မြင်ရပါသတည်း။

## နိဂုံးချုပ် ဥယျောဇဉ်

(၁) ဂရုကာတဗ္ဗ ဝတ္ထူနိ
စေတိယာနိ ဝိဘာဝိဘိ။
တေသံ ဟိ ဝန္ဒနံ ဗုဒ္ဓ
ဝန္ဒနံဝ မဟတ္ထကံ။ ။

စေတိယာနိ–ဗုဒ္ဓဂုဏ်ရည် အလီလီကို စီရရီတင့် ထုတ်ဖော်ဖွင့်သို့၊ ထူးတင့်စံတည် အသရေမီလတ်၊ စေတီတော်မြတ်တို့သည်၊ ဝိဘာဝိဘိ–တရားအဖုံဖုံ အများထုံ၍ ဘုရားဂုဏ်အရှိ အသိထင်စွာ အမြင်သာဘိ ပညာရှိတို့သည်၊ ဂရုဏာတဗ္ဗဝတ္ထူနိ– သဒ္ဓါ ပညာ ရတနာနှစ်ဖုံ အထုံသွေးလတ် ပေးအပ်သမျှ အလေးအမြတ် ပြုအပ်သော ဝတ္ထုတို့ပင် ဖြစ်ပါပေ

၏။ ဟိ–အလေးပြုရန် ဝတ္ထုမှန်ဟု သိဉာဏ်ထုတ်ညှိ သရုပ်မိအောင် ယုတ္တိဆောင်ရလျှင်၊ တေသံ– ချစ်ရှင် ဂုဏ်ပြု အလှထွေထွေ အသရေ ရည်ဖော် ထိုစေတီ တော်တို့ကို၊ ဝန္ဒနံ–ဗုဒ္ဓ ပုံဖော် ဂုဏ်တော်သက်ဝင် အချက်မြင်လျက် ကြည်လင်မြတ်နိုး ရှိခိုး ကန်တော့ ခြင်းသည်၊ ဗုဒ္ဓဝန္ဒနံဝ–သက်တော် ထင်ရှား ဘုရား မြတ်ကို ကြည်ညိုဝပ်စင်း ရှိခိုးခြင်းကဲ့သို့ပင်၊ မဟတ္ထကံ–စိတ်အားတူစွာ မှုအရာဖြင့် သဒ္ဓါ ပညာ မကွာဖြိုးဘိ၊ ကြီးမားသောအကျိုး ရှိပါပေသတည်း။

(၂) စေတျပူဇာ အနတ္ထာတိ
ကေစိ မညန္တိ ဒုမ္မတီ။
အဘုဥ္ဇံ ဟိ ရသံ သာတံ
ဘုဥ္ဇံဝ ကိံ သုခံ လဘေ။ ။

ဒုမ္မတီ–ဗုဒ္ဓဘာသာ ပညာရှိတို့၏ အသိယှဉ်ကာ အမြင်သာသည့် စဉ်လာမသိ ပညာ မရှိကြကုန်သော၊ ကေစိ–သဒ္ဓါမထုံ ဘဂဝါဂုဏ်၌ အာရုံမသက် မကျက်မစား အဖျက်သမားအချို့တို့သည်၊ စေတျ ပူဇာ–ဂုဏ်တော်ညွှတ်လျှဉ်း ထွတ်ခပင်း၌ ဝပ်စင်း ရွယ်ရည် စေတီ၌သွင်း ပူဇော်ခြင်းသည်၊ အနတ္ထာ–

ကုသိုလ် မတိုးဘိ အကျိုးမရှိပါပေ၊ ဣတိ- ဗုဒ္ဓ ဘာသာ စဉ်အလာ၌ ပညာအရည်ချို့ ဤသို့ပင်၊ မညန္တိ-အပြင်ပန်းမျှ အရမ်းဆလျက် လမ်းမကျ အမြင် ထင်ကြလေကုန်၏။၊ ဟိ-အမြင်တခြား အထင်မှားသည်မှာ ဖြစ်သင့်ပါပေ၏၊ သာတံ-ချိုမြိန် လှစွာ ကောင်းအစာမို့ အာသာမပြယ် သာယာဖွယ် ဖြစ်ပေသော၊ ရသံ-ဘုန်းရှိသူများ သုံးစားရလာ အရသာကို၊ အဘုဥ္စံအဘုဥ္ဇန္တော-ဘုန်းကံနည်းပါး အတွေးမှားစွ မစားရသသူသည်၊ ဘုဥ္ဇံ၀-ရှေးဘုန်း ရှေးကံ ထက်သန်ကြီးမား တရားလုပ ာ စားရသူကဲ့ သို့၊ သုခံ-လျှာအရသာ သာယာဖွယ်လွှမ်း ဝမ်းသာ မကောင်း ချမ်းသာခြင်းကို၊ ကိံလဘေ-လျှာပေါ်မတင် ရှောင်ကြဉ်ခဲ့၍ ကိုယ်တွေ့မရှိရာ အဘယ်မှာ ရနိုင်ပါ အံ့နည်း၊ နလဘေဝ- သည်းခြေဖောက်ပြား အချို သားပင် အခါးထင်သို့ အမြင်မလှ တကွမပိုင် မရ နိုင်တော့သည်သာလျှင်တည်း။

တသ္မာ ဟိ ပေမဇာတာ၀

စေတိယေသု ဂရုံ ကရာ။

သသဒ္ဓ ပညာ ဝေါ ဗုဒ္ဓ

ဘတ္တိကာ ပေါထ သာခဝေါ။ ။

တသ္မာ ဟိ–တသ္မာ ဧဝ–စေတိယဝန္ဒန မွန်ရသကို သုံးရသူသာ ရနိုင်ပါသောကြောင့်၊ သာခဝေါ–သူတော်ဂုဏ်ရည် အထုံမှီလျက် စုံညီကြသူ အယူမပြောင်း သူတော်ကောင်းဖြစ်ကြကုန်သော၊ ဝေါ–စေတီပေါ်တွင် ဂုဏ်တော်ထင်လျက် ပုံသွင်ကိုဖော် ပူဇော်တတ်သည့် ဘုရားတပည့်သင်တို့သည်၊ စေတိယေသု–ပရိဘောဂ ဥဒ္ဒိဿနှင့် ဓမ္မသရီရများလှအဖုံဖုံ ဘုရားဂုဏ်ဖော် ပုံတော်အလီလီ စေတီတော်မြတ်တို့၌၊ ပေမဇာတာဝ–သဒ္ဓါဖွေးလတ်အအေးဓာတ်ဖြင့် သွေးအပ်အခါခါ ဖြစ်လာမကင်းချစ်မြတ်နိုးခြင်း ရှိကြကုန်သည်ဖြစ်၍သာလျှင်၊ ဂရုံကရာ–ဘုရားမြတ်ပုံ များမြတ်ဂုဏ်ကို ပုံဖော်ပေးမှုအလေးပြုကြကုန်သော၊ သသဒ္ဓပညာ– ဘုရားမြတ်ဂုဏ် အဖုံဖုံ၌ ယုံလည်းယုံသည် ကြည်လည်းကြည်စွာ အမြင်သာသည့် ပညာပွားဘိ သဒ္ဓါပညာနှစ်ပါးရှိကြကုန်သော၊ ဗုဒ္ဓဘတ္တိကာ–တွင်ခေါ်ရုံမျှသမုတ်ရတဲ့ ဗုဒ္ဓဘာသာ မဟုတ်ပါဘဲ ဘာသာရေး

တွင် အမြင်ဟုတ်စွ သရုပ်လှတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အစစ်တို့သည်၊ ဟောထ–သူငါအားကျ တရားရအောင် ဆွဲဆောင်ဖို့ရာ တကယ်တမ်း ဖြစ်ကြပါကုန်လော။ ။

## မိခင်ရောဝတီစာအုပ်တိုက်မှ
## ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

၁။ ဗုဒ္ဓဘာသာလက်စွဲဘုရားရှိခိုးအမျိုးမျိုး(စာအုပ်တိုက်မှုပိုင်)

၂။ စိန္တာမဏိကျင့်ဝတ်ရတနာ (စာအုပ်တိုက်မှုပိုင်)
(အောင်မြင်ချမ်းသာစေကြောင်း ကိုယ်ကျင့်တရား)

၃။ ဇယမင်္ဂလာရန်ကင်းဂါထာများ (နှစ်ဖက်လှ)

၄။ကြွေမိန်းကလေးပုံပြင်နှင့် ဘဝရသစာစုများ ဦးဖိုးကျား၊ ပီမိုးနင်း၊ ခင်ဆွေဦး၊ ကြူကြူသင်း၊ မောင်ဝဏ္ဏ၊ မောင်ညိုပြာ၊ မြသွေးရည်၊ ရွှေဝါစိုး။

၅။ မြသားရွှေရည် ရွှေဝါစိုး
(အောင်မြင်သော စိုက်ပျိုးစီးပွားရေးသမား)

---

**ဖြန့်ချိရေး**

**မိခင်ရောဝတီစာအုပ်တိုက်**

တိုက်(၄)၊ အခန်း(၄၀၂)

ကျိုတော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁-၇၀၁၄၃၁

၁၀-အုပ်နှင့်အထက် ဝယ်ယူသူများကို V.P.L စနစ်ဖြင့် ပို့ပေးပါမည်။ ပို့ခကို ဝယ်ယူသူမှ ကျခံရပါမည်။

သပြေကန်ဆရာတော်

အရှင်ဝါသေဋ္ဌာဘိဝံသ

# ဩဝါဒနှင့်ရိုသေမှု